

လူထုစိန်ဝင်း
အလင်းတန်းဆောင်းပါးများ
ဒုတိယအကြိမ်

mgyoe.com

စာသင်ခန်း နောက်ဆုံးတန်းက ကျောင်းသူနဲ့ ကျောင်းသား ဖက်ပွေ့နမ်းရှုပ် လုပ်နေတာမျိုးတော့ ခွင့်မပြုနိုင်ဘူး။ အဲဒါ မှားနေသလား။

အတန်းထဲမှာ စာကိုသာသင်ပါ။ မဆုံးမနဲ့၊ ဆရာမလုပ်နဲ့လို့ ကျောင်းသားက ထပြောတာကိုတော့ လက်မခံနိုင်ဘူး။ အဲဒါမှားနေသလား။

လိမ္မာသလို ကြည့်နေ၊ ဘဝရှင်သန်ရေး အဓိကပဲဆိုတဲ့ အယူအဆကို လက်မခံနိုင်ဘူး။ အဲဒါ မှားနေသလား။

နယူးယောက်မြို့တော်ကြီးက အထက်တန်းကျောင်းတွေမှာလို သန္ဓေတားဆေးနဲ့ ကွန်ဒုံးအခမဲ့ဝေပေးတာကို ကိုယ့်ကျောင်းမှာ လက်မခံနိုင်ဘူး။ အဲဒါမှားနေသလား။

ဖြစ်သမျှအကြောင်း အကောင်းချည်းပဲ၊ ကံစီမံရာပေါ့ဆိုတာမျိုး လက်မခံနိုင်ဘူး။ အဲဒါမှားနေသလား။

အကြမ်းဖက်သမားတစ်ယောက်ဖမ်းဖို့အတွက် နိုင်ငံတစ်ခုလုံး ထောင်းလမောင်းကြေအောင် ဗုံးကြဲတိုက်ခိုက်တာမျိုး လက်မခံနိုင်ဘူး။ အဲဒါမှားနေသလား။

အဏုမြူဗုံးကြဲပြီး စစ်နိုင်အောင်တိုက်တာမျိုး လက်မခံနိုင်ဘူး။ အဲဒါမှားနေသလား။

သားဖြစ်သူက ဒါမှမဟုတ် တပည့်ဖြစ်သူက ဆုံလည်ကုလားထိုင်ကြီး ပေါ်ထိုင်ပြီး စားပွဲပေါ်ခြေတင်ရင်း စကားပြောတာမျိုး လက်မခံနိုင်ဘူး။ အဲဒါမှားနေသလား။

ကြောင်ဖြူတာ မည်းတာက အရေးမကြီးဘူး၊ ကြွက်မိဖို့သာ လိုရင်းပဲ ဆိုတဲ့သဘောမျိုး လက်မခံနိုင်ဘူး။ အဲဒါမှားနေသလား။

လူသားတွေ အကျိုးပြုဖို့အတွက်ဆိုတဲ့ ရည်ရွယ်ချက်ပါနေရင် စာကောင်းပေကောင်း မဟုတ်တော့ဘူး၊ အနုပညာမဟုတ်တော့ဘူး။ အနုပညာဆိုတာ ဘယ်သူ့အတွက်မှ မဟုတ်ဘူးဆိုတဲ့ ဝါဒကို လက်မခံနိုင်ဘူး။ အဲဒါမှားနေသလား။

# လူထုစိန်ဝင်း

## အလင်းတန်းဆောင်းပါးများ

ISBN 9789997114976
LHS6
9 789997 114976
1,700.00KS

အလင်းတန်းဆောင်းပါးများ လူထုစိန်ဝင်း
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၉၆+ မျက်နှာ၊ ၁၃ စင်တီ× ၂၀ ·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မိုးရိပ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇန်နဝါရီလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၄ FUTURE PUBLISHING HOUSE ၏ ပထမအကြိမ်မူ၊

ရောင်းဈေး ၁၇၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com
mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# အလင်းတန်းဆောင်းပါးများ

## လူထုစိန်ဝင်း

ဒုတိယအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| – | စိစဥ်သူ့စကား | (က) |
| – | လူထုစိန်ဝင်း၏ အမှာစာ | (ဃ) |
| ၁။ | စာနယ်ဇင်းသမားဖြစ်ဖို့ ဘာအရေးကြီးဆုံးလဲ | ၁ |
| ၂။ | လက်ဆောင်ကြွေး ဝေးဝေးရှောင် | ၅ |
| ၃။ | ပျင်းရိခြင်းမှာ တန်ဖိုးရှိတယ် | ၉ |
| ၄။ | ဂျာနယ်ဆိုတာ မှန် | ၁၄ |
| ၅။ | ရှက်မိပြန်ပါပြီ | ၁၈ |
| ၆။ | လူထုစိန်ဝင်းသို့ ကိုဦးဆွေ၏ မေးခွန်း (၁) | ၂၃ |
| ၇။ | ကိုဦးဆွေသို့ ပြန်ကြားချက် (၁) | ၂၅ |
| ၈။ | သတင်းထောက်မျိုးဆက် ပြတ်မသွားစေဖို့ | ၃၀ |
| ၉။ | လူထုစိန်ဝင်းသို့ ကိုဦးဆွေ၏မေးခွန်း (၂) | ၃၄ |
| ၁၀။ | ကိုဦးဆွေသို့ ပြန်ကြားချက် (၂) | ၃၆ |
| ၁၁။ | သတင်းထောက်နဲ့ သတင်းဖျောက် | ၄၀ |
| ၁၂။ | ဘာကြောင့် စာနယ်ဇင်းသမား ဖြစ်ချင်တာလဲ | ၄၃ |
| ၁၃။ | ဆင်ခြင်သင့်တဲ့ စကားအသုံးအနှုန်းများ | ၄၇ |
| ၁၄။ | အတတ်ပညာနဲ့ အတွေ့အကြုံက အဓိကလား | ၅၁ |
| ၁၅။ | ဘောလုံးစီးပွားရေးနဲ့ အားကစားစိတ်ဓာတ် | ၅၄ |


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၁၆။ | ကမ္ဘာ့ဖလားပွဲများနဲ့ စိတ်အချဉ်ပေါက် အတွေးများ | ၅၈ |
| ၁၇။ | ဘောလုံးလူကြီးလူကောင်း နှစ်ဦး | ၆၂ |
| ၁၈။ | စာနယ်ဇင်းများကို မေတ္တာရပ်ခံခြင်း | ၆၇ |
| ၁၉။ | ဝတ္ထုမရေးတာ မရေးတတ်လို့ပါ | ၇၀ |
| ၂၀။ | ဘုံပျောက်နေတဲ့ လေဟာပြင်စာအုပ်ပြတိုက်ကြီး | ၇၄ |
| ၂၁။ | ကျွန်တော် မှားနေသလား | ၇၈ |
| ၂၂။ | ထက်ထက် မာပါစေ | ၈၃ |
| ၂၃။ | သတင်းထောက်ဆိုတာ ငှက်ပျောတုံးလိုလူစား | ၈၆ |
| ၂၄။ | မြက်ပင်ဖြတ်လို့ သွားခဲ့ပြီ | ၉၂ |


❐

mgyoe.com

mgyoe.com

# စီစဉ်သူ့စကား

## (ပထမအကြိမ်ထုတ်ဝေစဉ်က)

ယခုစာအုပ်ဟာ အလင်းတန်းဂျာနယ်မှာ ဆရာလူထုစိန်ဝင်း အလျဉ်းသင့်သလို ရေးသားခဲ့တဲ့ ဆောင်းပါးများကို စုစည်းထားခြင်းဖြစ်ပါတယ်။ အကြောင်းအရာအားဖြင့်ကတော့ စုံစီနဖာ ဖတ်ချင်စရာတွေချည်းပါပဲ။

ကမ္ဘာ့ဘောလုံးထိပ်သီးတွေ ဖြစ်ကြတဲ့ 'ရော်နယ်ဒို'၊ 'ရီဗယ်ဒို'၊ 'ဒေးဗစ်ဘက်ခမ်း' တို့အကြောင်းလည်းပါရဲ့၊ 'ထက်ထက်မိုးဦး' တို့ 'ခိုင်သင်းကြည်' တို့လည်းပါရဲ့။

အဲ ... ဆရာမကြီး 'ဒေါ်ခင်နှင်းယု' လည်းပါရဲ့။ စာနယ်ဇင်းသမားများ ကုမ္ပဏီဧည့်ခံပွဲတွေတက် လက်ဆောင်ယူပြီး အဲဒီကုမ္ပဏီကောင်းကြောင်း ရေးသင့် မသင့် ဆိုတာတွေလည်းပါရဲ့။

ဆရာက 'ကြောင်ဖြူတာ မည်းတာ ပဓာနမဟုတ်၊ ကြွက်မိဖို့သာ ပဓာန' ဆိုတဲ့အယူအဆ၊ 'အနုပညာသည် ဘယ်သူ့အတွက်မှ မဟုတ်' ဆိုတဲ့ အယူအဆ စတဲ့ စတဲ့ သူလက်မခံနိုင်တဲ့ အယူအဆတွေကိုလည်း ဖွင့်ဟထားလေရဲ့။ ဆရာ့ရေးဟန်က ပေါ့ပါးသလောက် ဖတ်ရတဲ့သူတွေ အဖို့မှာတော့ လေးလေးနက်နက် တွေးဆစရာတွေ တစ်ပုံ

mgyoe.com

mgyoe.com

တစ်ပင်ပါ။

ဆောင်းပါးအများစုက မျက်မှောက်ခေတ် စာနယ်ဇင်းလောကအပေါ် ဆရာ့ရဲ့အမြင်နဲ့ လူငယ်စာနယ်ဇင်းသမားလေးတွေအဖို့ ဆောင်စရာ ရှောင်စရာကိစ္စလေးတွေ ဖြစ်တာကို တွေ့ရပါလိမ့်မယ်။

ဆရာဟာ တစ်ချိန်က သတင်းစာဆရာတစ်ဦး၊ ယခုခေတ်အခေါ် အရဆိုရင်တော့ ဂျာနယ်လစ်တစ်ဦးပါ။ ကံကောင်းချင်တော့ သူ သတင်းစာဆရာလုပ်ခဲ့တဲ့ အချိန်ကာလက ကျင့်သုံးခဲ့တဲ့ ဈေးကွက်စီးပွားရေးစနစ်ဟာ ယခုအချိန်အခါ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ တစ်ဖန် ပြန်လည်ဖွံ့ဖြိုးရှင်သန်နေပါပြီ။

ဒီတော့ ဈေးကွက်စီးပွားရေးစနစ်မှာ စာနယ်ဇင်းသမားများရဲ့ အခန်းကဏ္ဍ၊ စာနယ်ဇင်းသမားများနဲ့ စီးပွားရေးလုပ်ငန်းရှင်၊ အနုပညာရှင်များအကြား တစ်ဖက်နဲ့ တစ်ဖက် စောင့်စည်းအပ်တဲ့ ကျင့်ဝတ်သိက္ခာ စတာတွေနဲ့ ပတ်သက်တဲ့ ဆရာ့ရဲ့အတွေ့အကြုံ၊ ဆရာ့ရဲ့ခံယူချက် သဘောထားများဟာ မျက်မှောက်ခေတ် စာနယ်ဇင်းသမားတိုင်း အလေးထားစရာတွေ ချည်းပါပဲ။

ဒီလိုပြောလိုက်လို့ ဆရာ့ရဲ့အယူအဆအားလုံးကို လက်ခံရမယ် မဆိုလိုပါဘူး။ (ဆရာကိုယ်တိုင်ကလည်း 'ကျွန်တော် မှားနေသလား' ဆိုတဲ့ ဆောင်းပါးမှာ သူမှားနေတယ်ထင်ရင် ထောက်ပြကြပါ။ သူပြင်သင့်ရင် ပြင်ဖို့ အဆင်သင့်ပဲလို့ ဖိတ်ခေါ်ထားပါတယ်။)

ဆိုလိုချင်တာက ဆရာ့ရဲ့အတွေ့အကြုံ အတွေးအခေါ် အယူအဆတွေကို ဒေတာဘေ့စ်ကြီးတစ်ခုအနေနဲ့ သတ်မှတ်အသုံးချကြဖို့ပါပဲ။ ဆုံးဖြတ်ချက် ချမှတ်စရာကိစ္စတွေ ပေါ်ပေါက်လာတဲ့အခါ အဲဒီဒေတာဘေ့စ်ထဲက မိမိအတွက် အသုံးဝင်မယ့် အင်ဖော်မေးရှင်းတွေကို ဆွဲထုတ်ယူပြီး

mgyoe.com

mgyoe.com



အကျိုး ရှိရှိအသုံးချကြပါလို့ တိုက်တွန်းချင်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီစာအုပ်ပါ ဆရာ့ဆောင်းပါးများဟာ မျက်မှောက်ခေတ် စာဖတ်ပရိသတ်ကြီးအတွက် အလင်းရောင်အမျှင်တန်းလေးတစ်ခု ဖြစ်ခဲ့ရင်ပဲ ကျွန်တော့်အနေနဲ့ 'အလင်းတန်းဆောင်းပါးများ' အဖြစ် စုစည်းစီစဉ် ထုတ်ဝေရကျိုးနပ်ပြီလို့ ယူဆမိကြောင်းပါ။ ။

ဝင်းသိန်းဦး

(၁၄-၁၁-၂၀၀၃)

mgyoe.com

mgyoe.com

## လူထုစိန်ဝင်း၏ အမှာ
### (ပထမအကြိမ်ထုတ်ဝေစဉ်က)

ကျွန်တော်က သတင်းစာသမားပါ။ စာရေးဆရာ မဟုတ်ပါဘူး။ ဒါပေမဲ့ ၁၉၈၀ လယ်ပိုင်းကစပြီး စာတွေ အများကြီးရေးဖြစ်ပါတယ်။ ဂျာနယ်တွေ ပေါ်ပေါက်လာတဲ့ အခါ ပိုပြီးရေးဖြစ်ပါတယ်။ ဒီသုံးလေးနှစ်အတွင်းမှာဆိုရင် အပတ်စဉ်ဂျာနယ်လေးငါးစောင်နဲ့ လစဉ်ထုတ်မဂ္ဂဇင်း တစ်ဒါဇင်လောက်မှာ နိုင်ငံခြားသတင်းတွေ ဘာသာပြန်ပေးတာကအစ၊ နိုင်ငံတကာရေးရာ သုံးသပ်ဝေဖန်ချက်တွေရေးတာ၊ လူငယ်နဲ့ အမျိုးသမီးရေးရာတွေ ရေးတာအထိ လစဉ်ဆောင်းပါးပုဒ်ရေ ၃၀ နဲ့ ၄၀ ကြား၊ သတင်း ဘာသာပြန်တွေ လစဉ်ပုဒ်ရေ ၁၀၀ နဲ့ ၁၅၀ ကြား ရေးနေရပါတယ်။ ရေးသမျှ အဖတ်တင်တာလည်းရှိ၊ အဖတ်မတင်တာလည်း ရှိပေါ့လေ။ စာတွေ နေ့စဉ် ရေးနေတာ ရေးစရာ စဉ်းစားလို့မရတဲ့အခါမျိုးတွေ မရှိဘူးလားလို့ တချို့က မေးတတ်ပါတယ်။ **တိုင်း**

mgyoe.com

mgyoe.com

ပြည်ထူထောင်စအချိန်မှာ ရေးစရာ အများဆုံးပဲလို့ လူကြီးသူမတွေ ပြောတတ်တဲ့စကားကို ပြန်ပြောရပါတယ်။ ကျွန်တော်တို့နိုင်ငံက ဖွံ့ဖြိုးဆဲနိုင်ငံမဟုတ်လား။ ဒီတော့ ဘယ်နေရာကြည့်ကြည့် ရေးကွက်တွေပေါ်များလှပါတယ်။ သတင်းသမားအဖို့ မိုးခေါင်တာ သတင်းဖြစ်သလို၊ မိုးများတာလည်း သတင်းဖြစ်ပါတယ်။ ယုတ်စွအဆုံး လမ်းပေါ်မှာ ခလုတ်တိုက်တာတောင်မှ သတင်းဖြစ်ချင်ဖြစ်သွားနိုင်ပါတယ်။

သတင်းစာသမားရေးတဲ့စာဆိုတော့ အနုပညာ ရသတော့ မမြောက်ဘူးပေါ့။ ဒါပေမဲ့ ရေးသမျှစာတိုင်းမှာ ပြောစရာတစ်ခုခု၊ သတင်းစကား တစ်ခုခုတော့ ပါမြဲဖြစ်ပါတယ်။ ပြောစရာစကားဆိုတာက လူတိုင်းရဲ့ရင်ထဲမှာ အမြဲတမ်းရှိနေကြတာပါ။ ရုပ်မြင်သံကြားက ကြော်ငြာတွေထိုင်ကြည့်ရင်းလည်း ပြောစရာစကားတွေ ရှိလာတတ်ပါတယ်။ ဘောလုံးပွဲကြည့်ရင်းလည်း ပြောစရာစကားတွေ ပေါ်လာတတ်ပါတယ်။ လက်ဖက်ရည်ဆိုင်ထိုင်ရင်းလည်း ပြောစရာအကြောင်းအရာတွေ ရလာတတ်ပါတယ်။ သတင်းသမားတစ်ယောက်ရဲ့ အလေ့အကျင့်ရပြီးသား မျက်စိထဲမှာ ဘယ်နေရာရောက်ရောက် ဘာပဲလုပ်နေနေ သတင်းတွေ မြင်တွေ့နေရတာချည်းပါပဲ။

သတင်းစာသမားရဲ့တာဝန်ထဲမှာ သတင်းပေးဖို့အပြင် သတင်းတွေအပေါ်မှာ ထင်မြင်သုံးသပ်ချက်ပေးဖို့ဆိုတဲ့ အချက်လည်း ပါဝင်ပါတယ်။ သတင်းစာဖတ်သူများအနေနဲ့က အကြောင်းအရာမျိုးစုံကိုလိုက်ပြီး လေ့လာစူးစမ်းနေဖို့ အချိန်မပေးနိုင်ပါဘူး။ ဒါကို သတင်းစာသမားကဖြည့်ဆည်းပေးရပါတယ်။ သတင်းစာသမားဆိုတာက Something of Everything ကို နားလည်အောင် လေ့လာထားရတာကိုး။ အဲဒါကြောင့် ရေးခဲ့သမျှစာတွေထဲမှာ 'ကမ္ဘာပြမှု' (ဂလိုဘယ်လိုက်ဖေးရှင်း) လိုကိစ္စမျိုးနဲ့ ကုလသမဂ္ဂ ပြင်ဆင်ဖွဲ့စည်းရေး

mgyoe.com

mgyoe.com
ကိစ္စမျိုးကအစ၊ လူငယ်နဲ့ အမျိုးသမီးကိစ္စမျိုး အလယ်၊ ဘောလုံးပွဲကိစ္စအဆုံး စာဖတ်သူသိချင်တဲ့ သိသင့်သိထိုက်တယ်ထင်တဲ့ အကြောင်းအရာမျိုးစုံကို ရေးထားတာတွေချည်း ဖြစ်ပါတယ်။

အဲဒါတွေက စာရေးသူရဲ့ ထင်မြင်သုံးသပ်ချက်၊ ဒါမှမဟုတ် အတ္တနောမတိ ပါမြဲဖြစ်ပါတယ်။ စာရေးသူရဲ့ အတ္တနောမတိမပါတဲ့စာရယ်လို့ ဘယ်နေရာမှာမှ မရှိပါဘူး။ ဘက်မလိုက်တဲ့ အတွေးအခေါ်အယူအဆ၊ ဘက်မလိုက်တဲ့စာ ဆိုတာလည်း ဘယ်တော့မှမရှိပါဘူး။ လူတွေရဲ့အတွေးအခေါ် အယူအဆဆိုတာ မိုးပေါ်ကကျလာတာ မဟုတ်ပါဘူး။ သူ မွေးဖွားကြီးပြင်းလာရတဲ့ ရေမြေပတ်ဝန်းကျင်၊ မွေးကတည်းက လူကြီးမိဘတွေက လေ့ကျင့်သင်ကြားပေးလိုက်တဲ့ အကျင့်စရိုက်၊ သွန်သင်ပေးလိုက်တဲ့ အတွေးအခေါ်အယူအဆ ဆိုတာတွေကနေ ပေါ်ထွန်းလာရတာဖြစ်ပါတယ်။ ဗုဒ္ဓဘာသာ မိဘက မွေးဖွားလာတဲ့ကလေးဟာ ဗုဒ္ဓဘာသာဝင်ဖြစ်လာပြီး အရာရာကို ဗုဒ္ဓဘာသာ 'မြင်ထောင့်ရှုထောင့်' က ကြည့်မြင်သုံးသပ်မှာပါပဲ။ ခရစ်ယာန်မိဘက မွေးလာတဲ့ကလေးကလည်း ခရစ်ယာန်ဘာသာဝင် ဖြစ်လာပြီး အရာရာကို ခရစ်ယာန် 'မြင်ထောင့်ရှုထောင့်' က ကြည့်မြင်သုံးသပ်မှာပဲ ဖြစ်ပါတယ်။

ဘောင်ခတ်ထားတဲ့ 'မြင်ထောင့်၊ ရှုထောင့်ကျဉ်း' ကတော့ မကြည့်သင့်ဘူး။ ကမ္ဘာပြမှုခေတ်ကြီးထဲမှာ ကမ္ဘာလုံးဆိုင်ရာအမြင်၊ ကမ္ဘာရွာကြီးထဲက ကမ္ဘာသူကမ္ဘာသား အမြင်နဲ့သာ ကြည့်မြင်သုံးသပ်ရမယ်လို့ ပညာတတ်များ အထူးသဖြင့် ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံကြီးတွေက ပညာတတ်များ ပြောတဲ့အသံတွေ ခုဆယ်စုနှစ်များအတွင်း ကျယ်ကျယ်လောင်လောင် ကြားလာရပါတယ်။

အင်မတန်ကောင်းတဲ့ အယူအဆပါ။ ဒါပေမဲ့ ဒီနေ့
mgyoe.com

mgyoe.com



ကမ္ဘာကြီးဟာ အမှန်တကယ် ကမ္ဘာရွာကြီးအဖြစ် ရောက်ရှိနေပြီလား၊ ကမ္ဘာ့ကုလသမဂ္ဂ ဆိုတာ နိုင်ငံကြီး ငါးနိုင်ငံကသာ စိတ်ကြိုက်ခြယ်လှယ်နေတဲ့အဖွဲ့ကြီး မဟုတ်တော့ဘဲ၊ ကမ္ဘာသူကမ္ဘာသားအားလုံးရဲ့ အလိုဆန္ဒကို ကိုယ်စားပြုတဲ့ နိုင်ငံကြီးငယ်မဟူ တန်းတူရည်တူ အခွင့်အရေးရှိတဲ့ ကမ္ဘာ့အစိုးရအဖွဲ့ကြီးမျိုး အဖြစ် ရောက်ရှိနေပြီလားဆိုတဲ့ အချက်မျိုးကို ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ ပစ်ပယ်ထားလို့ မရသေးပါဘူး။

ကမ္ဘာရွာကြီးရဲ့ တစ်ခုတည်းသော ကမ္ဘာ့အစိုးရကြီးနဲ့ တစ်မျိုးတည်းသော 'ကမ္ဘာလူသား' အဖြစ်များကို ရောက်ဖို့ဆိုတာ 'ရွှေပြည်တော်မျှော်တိုင်းဝေး' ဆိုတဲ့ အခြေအနေမျိုးမှာသာ ရှိပါသေးတယ်။ ကမ္ဘာရွာကြီးရဲ့ တစ်ခုတည်းသော ကမ္ဘာသူကမ္ဘာသားအဖြစ်နဲ့ တစ်ခုတည်းသော ကမ္ဘာ့အစိုးရကြီးအဖြစ် မရောက်သေးခင်ကာလမှာ ကိုယ့်ဘက်က တစ်ဦးတည်းထပြီး 'ကမ္ဘာပြုမှု' လုပ်မယ်ဆိုရင်တော့ ပျူ၊ ကမ်းယံ၊ သက် စတဲ့လူမျိုးများ တိမ်ကောပျောက်ကွယ်သွားခဲ့ရသလို လူမျိုးကြီး၊ နိုင်ငံကြီးတွေရဲ့ ဝါးမျိုခြင်းကိုခံရပြီး နိုင်ငံရောလူမျိုးပါ ကွယ်ပျောက်သွားနိုင်ပါတယ်။

ရေးခဲ့သမျှစာတိုင်းမှာ လူမျိုးရဲ့ Identity ခေါ်တဲ့ ကိုယ်ပိုင်ဇာတိ ကွယ်ပျောက်မသွားစေဖို့ နှိုးဆော်ပြုမှုတွေ အနည်းနဲ့အများ ပါဝင်တာချည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံက မြန်မာလူမျိုးတစ်ယောက်ရဲ့ အတ္တနောမတိနဲ့ ရေးခဲ့တာတွေ ဖြစ်ပါတယ်။ ချောင်းငယ်၊ မြောင်းငယ်လေးထဲမှာ စီးနေတဲ့ ပိန်းကောလှေကလေးနဲ့ ပင်လယ်သမုဒ္ဒရာထဲ ထွက်လို့မဖြစ်နိုင်ဘူး။ ပင်လယ်သမုဒ္ဒရာထဲ ထွက်ဖို့ဆိုရင် ကြီးမားကြံ့ခိုင်တဲ့ လှေသင်္ဘောကြီးတွေ ရှိမှဖြစ်မယ် ဆိုတဲ့အချက်ကို သတိပြုမိကြဖို့လိုကြောင်း ပြောချင်ပါတယ်။

ဒီဆောင်းပါးတွေကို ထည့်သွင်းဖော်ပြပေးခဲ့တဲ့

mgyoe.com

mgyoe.com
'အလင်းတန်းဂျာနယ်' အယ်ဒီတာအဖွဲ့နဲ့ ဒီဆောင်းပါးတွေကို စာအုပ်အဖြစ် ထုတ်ဝေတဲ့ ကိုဝင်းသိန်းဦး (Future Publishing House)တို့ကို ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်ပါတယ်။ ။

လူထုစိန်ဝင်း
(၂၉. ၉. ၂၀၀၃)

❑

mgyoe.com

mgyoe.com

# စာနယ်ဇင်းသမားဖြစ်ဖို့ ဘာအရေးကြီးဆုံးလဲ

"စာနယ်ဇင်းသမားတစ်ယောက်အတွက် အရေးကြီးဆုံး လိုအပ်ချက်က ဘာလဲ"

သတင်းစာသမားဟောင်း တစ်ယောက်အဖို့ ဒီမေးခွန်းဟာ အမေးခံရဆုံးဖြစ်ပါတယ်။ စာနယ်ဇင်းလုပ်ငန်းကို စိတ်ဝင်စားနေတဲ့ လူငယ်များက ဒီမေးခွန်းကို မေးလေ့ရှိသလို စာနယ်ဇင်းလုပ်ငန်းကို လက်တွေ့ဝင်လုပ်နေပြီဖြစ်တဲ့ လူငယ်များကလည်း ဒီမေးခွန်းကိုပဲ မေးလေ့ရှိပါတယ်။

ကိုယ်တိုင် သတင်းစာလောကထဲကို ဝင်ရောက်ခါစ အချိန်ကလည်း ဒီအချက်ကို သိချင်ခဲ့တာပါပဲ။ စာအုပ်စာတမ်းတွေလည်း ရှာဖွေဖတ်ရှုခဲ့တာပါပဲ။ သတင်းဆိုတာဘာလဲ။ သတင်းကို ဘယ်လိုရှာရမလဲ။ ဘယ်လိုလိုက်ရမလဲ။ ဘယ်လိုရေးရမလဲ။ ဘယ်လိုခေါင်းတပ်ပေးရမလဲ ဆိုတာမျိုးကအစ သတင်းကို ဘယ်လိုဘာသာပြန်ရမလဲ။ ဆောင်းပါးကျတော့ ဘယ်လိုဘာသာပြန်သလဲ။ ဝေဖန်ချက်တို့၊ ခေါင်းကြီးတို့ ဘယ်လိုရေးရသလဲ ဆိုတာတွေအထိ ဖတ်ရှုလေ့လာမှတ်သားခဲ့ရပါတယ်။

သတင်းစာပညာ သင်တန်းကျောင်းဆိုတာ မရှိလေတော့ လူကြီးသူမတွေ ပြောဆိုဆုံးမတာကို မှတ်သားနာယူတာ၊ စာအုပ်တွေ ရှာဖတ်တာပဲ လုပ်နိုင်ခဲ့ပါတယ်။ သတင်းစာပညာဆိုတာ စနစ်တကျ သင်ယူတတ်မြောက်

mgyoe.com

mgyoe.com


နိုင်တယ်လို့ ယူဆထားတာ ဖြစ်လေတော့ ကိုယ့်ဟာကိုယ် လက်တွေ့လုပ်ရင်း လေ့လာသင်ယူရတာကို အားမရနိုင်ခဲ့ပါဘူး။ အမေရိကန်သတင်းစာဆရာကြီး ဂျိုးဇက်ပူလစ်ဇာ ပြောခဲ့တဲ့စကားတစ်ခွန်းကိုလည်း မှတ်သားနာယူခဲ့ဖူးတာကိုး။

*"သတင်းစာ ပညာသင်တန်းကျောင်းဖွင့်ဖို့ ပြောတော့ လူတွေက ပြုံးကြတယ်။ သတင်းစာဆရာဖြစ်အောင် သင်ပေးလို့မရဘူး။ မွေးရာပါဖြစ်တယ်လို့ ပြောကြတယ်။ လက်တွေ့လုပ်ရင်းနဲ့ တတ်သွားလိမ့်မယ်လို့လည်း ပြောကြတယ်။ သတင်းစာသမားတစ်ယောက်အတွက် အကောင်းဆုံးစာသင်ခန်းဟာ သူ့သတင်းစာတိုက်ဖြစ်တယ်ဆိုတဲ့ အယူအဆကို သဘောတူပါတယ်။ ဒါပေမဲ့ မလုံလောက်သေးပါဘူး။ သတင်းစာသမားတိုင်းမှာ မွေးရာပါ သိချင်စိတ်၊ စပ်စုချင်စိတ် ပါလာကြတယ်ဆိုတာ ဟုတ်ပါတယ်။ ဒါပေမဲ့ ဒီလောက်နဲ့ မပြီးသေးပါဘူး။ ကိုယ်ပြောချင်တာတွေကို လူတစ်ဖက်သား နားလည်အောင် ရှင်းရှင်းလင်းလင်းရေးတတ်ဖို့၊ သတင်းနဲ့ အဖျင်းကို ခွဲတတ်ဖို့၊ အဖျင်းနဲ့အတင်းကို ခွဲတတ်ဖို့၊ စာမျက်နှာတစ်ခုက စိတ်ဝင်စားစရာကောင်းပြီး တခြားစာမျက်နှာတစ်ခုက ပျင်းစရာကြီးဖြစ်နေတာ ဘာကြောင့်လဲ ခွဲခြားသိဖို့၊ စနစ်တကျ သင်ကြားပေးဖို့ လိုပါတယ်။ လူတစ်ယောက်က သမိုင်းအကြောင်း၊ ပထဝီအကြောင်း၊ သိပ္ပံအကြောင်း၊ ကဗျာအကြောင်း၊ ဒဿနအကြောင်း၊ အနုပညာအကြောင်း စတဲ့ အကြောင်းအရာမျိုးစုံမသိဘဲနဲ့ သတင်းစာတစ်စောင်ရဲ့ အသည်းနှလုံးဖြစ်တဲ့ ခေါင်းကြီးမျိုး ဘယ်လိုလုပ်ရေးနိုင်မှာလဲ။ သတင်းစာပညာကျောင်းက ဒါတွေကို သင်ပေးမှာပါ။ ဒါပေမဲ့လို့ ဒါတွေက အဓိကမကျပါဘူး။ သတင်းစာပညာသင်တန်းကျောင်းရဲ့ အဓိကရည်ရွယ်ချက်ကြီးက ဘာလဲဆိုတော့ လူငယ်လုံမငယ်တွေကို 'တွေးတတ်အောင်' သင်ပေးဖို့ ဖြစ်ပါတယ်"*

နာမည်ကျော် ပူလစ်ဇာဆုများရဲ့ ဖခင်ကြီးဂျိုးဇက်ပူလစ်ဇာက သူ့မသေခင်လေးမှာတင် ပြောခဲ့တဲ့စကားဖြစ်ပါတယ်။ သူမသေခင် သေတမ်းစာရေးတော့ ဒေါ်လာနှစ်သန်းကို ကိုလံဘီယာတက္ကသိုလ်မှာ သတင်းစာပညာသင်တန်းကျောင်းတစ်ခုဖွင့်လှစ်ဖို့ လှူဒါန်းခဲ့ပါတယ်။ ပူလစ်ဇာကွယ်လွန်ခဲ့တဲ့ ၁၉၁၁ ခုနှစ်လောက်အထိ သတင်းစာပညာသင်တန်းကျောင်းဆိုတာ

mgyoe.com

mgyee.com


ဘယ်မှာမှ မရှိခဲ့ဖူးပါဘူး။ သတင်းစာပညာဆိုတာ သင်ပေးလို့မရဘူးဆိုတဲ့ အစွဲကြောင့်ဖြစ်ပါတယ်။ ပူလစ်ဇာဆီက ဒေါ်လာနှစ်သန်းရရှိခဲ့တဲ့ ကိုလံဘီယာ တက္ကသိုလ်ကလည်း သတင်းစာပညာ သင်တန်းကျောင်းဖွင့်ဖို့ စိတ်အားထက်သန်မှု မရှိခဲ့ပါဘူး။ ပူလစ်ဇာရဲ့ငွေကြောင့်သာ ဝတ္တရားကျေအောင် ဖွင့်ပေးခဲ့ရတာ ဖြစ်ပါတယ်။ ခုတော့လည်း ကိုလံဘီယာတက္ကသိုလ်ရဲ့ သတင်းစာပညာ သင်တန်းကျောင်းဟာ ကမ္ဘာပေါ်မှာ အကောင်းဆုံး ကျောင်းတစ်ကျောင်းအဖြစ် ဂုဏ်သတင်းပျံ့နှံ့လျက် ရှိနေပါတော့တယ်။

သတင်းစာပညာဆိုတာ စနစ်တကျ သင်ယူတတ်မြောက်ထားဖို့ လိုအပ်တယ်ဆိုတာကို ရှေးက ယုံကြည်ခဲ့သလို အခု အသက် ၆၀ ကျော် အရွယ်ရောက်လာတဲ့အထိလည်း ယုံကြည်နေဆဲဖြစ်ပါတယ်။ ဒါပေမဲ့လို့ နည်းနည်းတော့ ပြောင်းလဲသွားပါတယ်။ ခပ်ငယ်ငယ်ကတော့ သတင်းစာဆရာတစ်ယောက်အတွက် အတတ်ပညာဟာ အရေးကြီးဆုံးဖြစ်တယ်လို့ ယုံကြည်ခဲ့ပါတယ်။ အဲဒါကြောင့် အတတ်ပညာကို အငမ်းမရ ရှာဖွေလေ့လာ ဆည်းပူးခဲ့ပါတယ်။

သတင်းစာလောကထဲမှာ နှစ်ပေါင်းများစွာ လုပ်ကိုင်လာခဲ့ပြီးတဲ့ အခါကျတော့ အတတ်ပညာထက် ပိုပြီးအရေးကြီးတဲ့ အရာတစ်ခု ရှိနေပါလားဆိုတာကို သိခဲ့ရပါတယ်။ အဲဒီအရာကတော့ 'ရိုးသားမှု' ဆိုတဲ့အရာ ဖြစ်ပါတယ်။

သတင်းစာသမားဆိုတာ စာရေးဆရာ၊ ကဗျာဆရာတွေလို၊ နိုင်ငံရေးသမားတွေလို သမိုင်းတစ်ခုကို ဖန်တီးသူမဟုတ်ပါဘူး။ စာတွေရေးနေတာ၊ နိုင်ငံရေးတွေထဲမှာ ပါဝင်လှုပ်ရှားနေတာ တူနေပေမဲ့ သတင်းစာသမားက ကိုယ်တိုင်ပါဝင်ကပြသူ မဟုတ်ပါဘူး။ ပါဝင်ကပြနေတဲ့သူတွေရဲ့အကြောင်းကို မှတ်တမ်းတင်ပေးသူသာ ဖြစ်ပါတယ်။ အဲဒီလို လူ့လောကဇာတ်ခုံပေါ်က နာမည်ကျော်တွေအကြောင်း ရေးသားရင်းက လူသာလျှင်ဖြစ်တဲ့ သတင်းစာသမားလည်း ရုံဖန်ရံခါဆိုသလို ကိုယ်တိုင် နာမည်ကျော်ဖြစ်ချင်စိတ် ပေါက်လာတတ်ပါတယ်။ အဲဒီမှာ 'ရိုးသားမှု' ရဲ့ အခန်းကဏ္ဍက ပါဝင်ပတ်သက်လာရပါတယ်။

သတင်းစာသမားရဲ့လုပ်ငန်းက နာမည်ကျော်စရာ ဘာတစ်ခုမှမရှိ

mgyee.com

mgyoe.com


ပါဘူး။ နောက်ကွယ်က အယ်ဒီတာအခန်းလေးထဲကနေပြီး သတင်းတွေကို ရေးသားပေးနေရုံမျှသာ ရှိပါတယ်။ အဲဒီတော့ တချို့သတင်းစာသမားများ သိလကျိုးပေါက်ပြီဆိုရင် အတော်ကြီး ကြောက်စရာကောင်းတာများကိုလည်း တွေ့ခဲ့ဖူးပါတယ်။

အသက် ၆၀ တန်းကို ကျော်ဝင်လာခဲ့ပြီဆိုတော့ သတင်းစာသမားရဲ့ သိလကိုချိုးဖောက်ပြီး နာမည်ကြီးအောင်လုပ်ခဲ့သူတွေ၊ စတန့်အမျိုးမျိုး ထွင်ခဲ့သူတွေဟာ နောက်ဆုံးတော့ ဇာတ်သိမ်းမလှ ဖြစ်ခဲ့ရပုံများကိုလည်း အတော်များများ တွေ့မြင်ခဲ့ရဖူးပြီဖြစ်ပါတယ်။ အဲဒါကြောင့် ထမင်းသက် ၆၀ ကျော်၊ စာသက် ၄၀ ကျော်မှာ သိလာခဲ့ရတဲ့အချက်က ဘာလဲဆိုတော့...

စာနယ်ဇင်းသမားတစ်ယောက်အတွက် အရေးကြီးဆုံး လိုအပ်ချက်က **'ရိုးသားမှု'** သာလျှင် ဖြစ်တယ်ဆိုတဲ့အချက် ဖြစ်နေပါတော့တယ်။

အလင်းတန်းဂျာနယ် အမှတ် (၁၉၁)
၂၀၀၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်။

❐

mgyoe.com

mgyoe.com

# လက်ဆောင်ကြွေး ဝေးဝေးရှောင်

"ဟိုဟာဒီဟာ ဖွင့်ပွဲတို့၊ ကံစမ်းမဲနှိုက်ပွဲတို့ကပေးတဲ့ လက်ဆောင်တွေကို ဆရာတို့ခေတ် စာနယ်ဇင်းသမားတွေ ဘယ်လိုလုပ်ကြသလဲဆိုတာ သိချင်လို့ပါ"

တပည့်ကျောင်းသားဟောင်း တစ်ယောက်က မေးတာပါ။ သူက အခု စာနယ်ဇင်းသမားတစ်ယောက် ဖြစ်နေပြီလေ။ သူ့မေးခွန်းကို မဖြေခင်မှာ သူ့ကို အရင်ဆုံး ဆူလိုက်မိပါတယ်။

"စာမဖတ်တဲ့သူဟာ ဘယ်တော့မှ စာနယ်ဇင်းသမား မဖြစ်နိုင်ဘူး" လို့လည်း ပြောလိုက်ပါတယ်။ ဒီမေးခွန်းကို မေးကတည်းက သူ စာမဖတ်ဘူးဆိုတာ သိသာနေပါပြီ။ ဒီလက်ဆောင်ကိစ္စကို တစ်ကြိမ်မက ရေးပြီးခဲ့ပါပြီ။ မဂ္ဂဇင်းထဲကလည်း ရေးပါတယ်။ ဂျာနယ်ခေတ်ရောက်တော့လည်း ဂျာနယ်ထဲက ရေးခဲ့ဖူးပါပြီ။

ကျောင်းသားဘဝကနေ တန်းပြီး စာနယ်ဇင်းသမားဘဝ ခံယူလိုက်သူတစ်ဦးအနေနဲ့ တခြားစာတွေ မဖတ်ဖြစ်ဦးတော့ စာနယ်ဇင်းအကြောင်းတို့၊ သတင်းစာပညာအကြောင်းတို့နဲ့ ပတ်သက်တဲ့ စာမျိုးတွေကိုတော့ နှံ့နှံ့စပ်စပ် ရှာဖွေဖတ်ရှုရမှာပေါ့။ ပြောမယ်ဆိုရင် သတင်းစာပညာနဲ့ပတ်သက်လို့ မြန်မာနိုင်ငံမှာ ထုတ်ဝေခဲ့တဲ့ စာအုပ်အရေအတွက်ဟာ တစ်ဒါဇင်သာသာ

mgyoe.com

mgyoe.com

လောက်သာ ရှိပါတယ်။ စာကြည့်တိုက်တွေမှာ ရှာဖွေဖတ်ရှုနိုင်ပါတယ်။ လတ်တလောအားဖြင့်လည်း ဂျာနယ်၊ မဂ္ဂဇင်းများမှာ သတင်းစာပညာအကြောင်း၊ စာနယ်ဇင်းအကြောင်း 'ဇောက်ချ' ရေးနေသူဆိုလို့ ကျွန်တော့်အပြင်ကျွန်တော်တို့ထက် အသက်ရော ဝါပါကြီးတဲ့ မြန်မာ့အလင်းဦးသန်းညွန့် တစ်ယောက်သာ ရှိပါတယ်။ ဒီတော့ မဖတ်အားလောက်အောင် များများစားစားရှိနေတာမဟုတ်ပါဘူး။ စာနယ်ဇင်းအလုပ်ကို အမှန်တကယ် ဝါသနာပါလို့ လုပ်နေသူဖြစ်ခဲ့ရင် သတိထားမိရမှာပေါ့။

ရင်းနှီးတဲ့ ကပည့်ဖြစ်နေတာကြောင့် ကိုယ်ရေးခဲ့တာတွေအကြောင်း ပြောပြဖြစ်ပါတယ်။ ဒီဆယ်စုနှစ်တစ်ခုအတွင်းမှာ မဂ္ဂဇင်းပေါင်း တစ်ဒါဇင်လောက်နဲ့ ဂျာနယ်လေးငါးစောင်မှာ လစဉ် ဆောင်းပါးပုဒ်ရေ သုံးဆယ်ကျော်လေးဆယ်လောက် ရေးခဲ့ရာမှာ အမျိုးအစားအားဖြင့် သုံးမျိုးသာရှိပါတယ်။ ပထမတစ်မျိုးက သတင်းစာပညာနဲ့ စာနယ်ဇင်း ကျင့်ဝတ်များအကြောင်းပါ။

တပည့်ဟောင်းကို အားရအောင်ဆူပူပြီးမှ သူမေးတဲ့ မေးခွန်းကို ဖြေလိုက်ပါတယ်။

ရှေးခေတ်က စာနယ်ဇင်းသမားများမှာ ဒီလိုဖွင့်ပွဲတကာ လိုက်တက်နေနိုင်လောက်အောင် အချိန်အား မရှိပါဘူးဆိုတာပါပဲ။ ဟုတ်ပါတယ်။ ရှေးက သတင်းထောက်တွေဆိုတာက သူ့ခွင်နဲ့သူ မအားရအောင်ကို အလုပ်ရှုပ်နေကြရတာပါ။ နိုင်ငံရေးသတင်းထောက်ဆိုပါတော့။ နိုင်ငံရေးပါတီတွေရှိရာသွား၊ သတင်းစုံစမ်းမေးမြန်း။ သတင်းစာရှင်းလင်းပွဲတွေတက်၊ ကြေညာချက်တွေဖတ်ပြီး ပြန်ရေး၊ လွှတ်တော်အစည်းအဝေးတွေ ရှိချိန်ဆိုရင် ဝန်ကြီးများရုံးထဲမှာ တစ်နေကုန် ဝန်ကြီးတွေဆီသွား၊ သတင်းအနံ့ခံနဲ့ အချိန်လောက်တယ်လို့ကို မရှိပါဘူး။ မှုခင်းသတင်းထောက်၊ တရားရုံးသတင်းထောက်ဆိုရင်လည်း သက်သာပြီမထင်နဲ့။ တစ်နေ့လုံး ဆေးရုံကြီးက အရေးပေါ်နဲ့ ရဲစခန်းပေါင်းစုံကို ပြေးလွှားလိုက်၊ ညနေစောင်းတာနဲ့ ပုလိပ်ရုံးကြီးက နေ့စဉ် မှုခင်းသတင်းထုတ်ပြန်ချက်များ စောင့်ယူလိုက်၊ တစ်ခါတလေ အင်းစိန်စီအိုင်ဒီအထိ ပြေးလိုက်နဲ့ ဖတ်ဖတ်မောနေကြတာပါ။ အားကစားသတင်းထောက်လည်း ထိုနည်းလည်းကောင်းပါပဲ။ ကြည့်မြင်တိုင် စလင်းကွင်းပြေးရ၊ သိမ်ဖြူကွင်းပြေးရ၊ တက္ကသိုလ်ဘောလုံးကွင်း

mgyoe.com

mgyoe.com

ပြေးရ၊ အောင်ဆန်းကွင်း ပြေးရ၊ အင်းစိန် မီးရထား ဘောလုံးကွင်း ပြေးရနဲ့ မသက်သာလှပါဘူး။

အပြင်ထွက် သတင်းလိုက်၊ သတင်းထောက်တဲ့ အလုပ်ကို သတင်းထောက်တွေကသာ လုပ်ပါတယ်။ အယ်ဒီတာဆိုတာက တိုက်ထဲက တယ်ပြီးထွက်လေ့မရှိပါဘူး။ ဖောင်ပိတ်ချိန် Dead Line မီအောင် သတင်းတွေနဲ့ အမြဲတမ်း နပန်းလုံးနေရတာမျိုးပါ။

အဲဒါကြောင့် တပည့်လေးပြောတဲ့ ကုမ္ပဏီဖွင့်ပွဲ၊ ဆိုင်ဖွင့်ပွဲ၊ ကံစမ်းမဲနှိုက်ပွဲဆိုတာမျိုးတွေကို သတင်းထောက်တွေလည်း မတက်နိုင်ပါဘူး။ အယ်ဒီတာတွေလည်း မတက်နိုင်ပါဘူး။ စာနယ်ဇင်းဆိုတာက ဒါတွေထက် ပိုပြီး အရေးကြီးတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးသတင်းမျိုးစုံကို စာဖတ်ပရိသတ်သိရအောင် တင်ပြပေးနိုင်ဖို့ အဓိကထား လုပ်ကြရတာကိုး။

ပြီးတော့ သတင်းစာအလုပ်က လူထုဆက်သွယ်ရေးလုပ်ငန်း (ပီအာ) အလုပ် မဟုတ်ပါဘူး။ ကြော်ငြာလုပ်ငန်းလည်း မဟုတ်ပါဘူး။ အဲဒါကြောင့် ဆိုင်ဖွင့်၊ ရုံးဖွင့်၊ ကုမ္ပဏီဖွင့် စတဲ့ဖွင့်ပွဲတွေကို လိုက်တက်နေဖို့ မလိုပါဘူး။ ဒီဖွင့်ပွဲတွေက ဘာဆန်းလို့လဲ။ ဘယ်သူမှလည်း စိတ်ဝင်စားတာ မဟုတ်ပါဘူး။

ဒီလို ဖွင့်ပွဲတွေ လိုက်တက်တာမရှိတော့ လက်ဆောင်ပြဿနာလည်း မရှိဘူးပေါ့။ ဒီပြဿနာက ဒီခေတ်ကျမှပေါ်လာတဲ့ ပြဿနာဖြစ်ပါတယ်။ ကိုယ့်ကျောင်းသား တပည့်ဟောင်းများဆိုရင်တော့ ဒါမျိုးတွေနဲ့ အတတ်နိုင်ဆုံး ကင်းအောင်နေဖို့ မှာလေ့ရှိပါတယ်။ အလကားရတဲ့ ပစ္စည်းဆိုတာ လက်ဆောင်ပဲခေါ်ခေါ်၊ အမှတ်တရပဲခေါ်ခေါ်၊ အထိမ်းအမှတ်လို့ပဲပြောပြော၊ ဘယ်ဟာမှ မကောင်းပါဘူး။ ပိုက်ဆံပေးဝယ်ရတာထက်တောင် တန်ဖိုးကြီးတတ်မြဲ ဖြစ်ပါတယ်။ လက်ဆောင်ပေးရင် ပေးသူကို ကျေးဇူးတင်ရပါတယ်။ ဘယ်တော့မှ ဆုံးနိုင်တယ်မရှိအောင် ကျေးဇူးတင်နေရတတ်ပါတယ်။ စာနယ်ဇင်းသမားဆိုတာ ဘယ်သူ့ကျေးဇူးကြွေးမှ အတင်မခံသင့်ပါဘူး။

တာဝန်ပေးလို့ မလွှဲမရှောင်သာသွားပြီး တက်ရတဲ့ အခမ်းအနားမျိုးမှာ ကိုယ်တစ်ယောက်တည်းက မယူဘူးလို့ ငြင်းဆန်ရင် တခြားသူများကို စော်ကားသလို ဖြစ်မနေဘူးလားလို့ မေးစရာရှိပါတယ်။ ဟုတ်ပါတယ်။

mgyoe.com

mgyoe.com

ဒီကိစ္စမျိုး အမှန်တကယ်ရှိပါတယ်။ ကိုယ့်လုပ်ရပ်တစ်ခုကြောင့် တစ်ဖက်သားမှာ ထိခိုက်သွားမယ့်ကိစ္စမျိုး မဆိုထားနဲ့၊ လူတစ်ဖက်သား အနေရအထိုင်ရ ခက်သွားစေမှာမျိုးတောင် မလုပ်အပ်ပါဘူး။ လူတကာနဲ့ သင့်တင့်အောင်၊ အဆင်ပြေအောင်နေတတ်ဖို့ အထူးလိုအပ်တဲ့ စာနယ်ဇင်းသမားက ပိုပြီး မလုပ်အပ်ပါဘူး။

အဲဒီလိုကိစ္စမျိုးကို မဂ္ဂဇင်း၊ ဂျာနယ်တချို့က ဖြေရှင်းပုံမျိုးကို အတုယူသင့်တယ်လို့ ထင်ပါတယ်။ သတင်းထောက်တွေ၊ အယ်ဒီတာတွေဟာ ရလာတဲ့ လက်ဆောင်ပစ္စည်းကို တိုက်ပြန်ယူသွားပြီး သိမ်းထားလိုက်ကြပါတယ်။ အတော်များများစုမိလို့ ခွဲဝေလောက်တဲ့အခါကျမှ တိုက်သားအားလုံး မဲဖောက်ဝေယူလိုက်ကြပါတယ်။ ဒီနည်းဟာ တိုက်တွင်း စည်းလုံးညီညွတ်မှုကို မထိခိုက်စေရုံမက ကိုယ့်ကြောင့် တစ်ဖက်လူ အနေရအထိုင်ရခက်တဲ့ အခြေအနေမျိုးကိုလည်း ရှောင်ကွင်းရာ ရောက်ပါတယ်။ ဒါကြောင့် အတုယူပြီး လိုက်နာသင့်ပါတယ်။

ဒါက မလွှဲမရှောင်သာတဲ့ အခြေအနေမျိုးရောက်ခဲ့ရင် ပြောတာပါ။ ဖြစ်နိုင် ရှောင်နိုင်ရင်တော့ လက်ဆောင်ကို ရှောင်တာ အကောင်းဆုံးပါပဲ။

လက်ဆောင်ကြွေးဆိုတာ တစ်သက်လုံး ဆပ်မပြီးနိုင်အောင် ရှိတတ်လို့ပါ။

အလင်းတန်းဂျာနယ် အမှတ် (၁၉၃)
၂၀၀၂ ခုနှစ်၊ မတ်လ ၁၁ ရက်။

❐

mgyoe.com

mgyoe.com

## ပျင်းရိခြင်းမှာ တန်ဖိုးရှိတယ်

စာအုပ်ကောင်းလေးတစ်အုပ် ဖတ်မိပါတယ်။ ကိုယ်လက်အင်္ဂါမသန်စွမ်းတဲ့ ဒုက္ခိတအနုပညာသည်များအကြောင်း ရေးထားတာပါ။ အကြောင်းကြောင်းကြောင့် ဒုက္ခိတဘဝ ရောက်ခဲ့ကြရပေမဲ့ ဘဝကို လက်မြှောက်အရှုံးမပေးဘဲ ရဲရဲကြီးရင်ဆိုင်ပြီး ကိုယ်လုပ်ချင်တာကို ဖြစ်အောင်လုပ်သွားခဲ့ကြတဲ့ အကြောင်းတွေ ရေးထားတာပါ။ လက်တစ်ဆစ်စာမျှလောက် ဒုက္ခသေးသေးလေး ကြုံကြိုက်တာနဲ့ တညည်းညည်းတညူညူ လုပ်နေတတ်တဲ့သူများ ဖတ်မိရင် ငါ တယ်ကံကောင်းပါလားလို့တောင် အောက်မေ့ရလောက်ပါတယ်။

အဲဒီစာအုပ်ထဲက ပုဂ္ဂိုလ်တွေအကြောင်း သီးခြား စာတစ်စောင်ပေတစ်ဖွဲ့ ရေးအပ်တာမို့ ဒီနေရာမှာ အကျယ်မရေးတော့ပါဘူး။ ရေးချင်တာက ဒီစာအုပ်ထဲမှာ ဖတ်မိတဲ့ အကြောင်းလေးတစ်ခုပါ။ ပိုလီယိုရောဂါကြောင့် ခြေလက်မသန်စွမ်းလို့ တွန်းလှည်းကုလားထိုင်ပေါ်မှာပဲနေရတဲ့ ပန်းချီဆရာမတစ်ယောက်က မူလတန်းကျောင်းလေးတစ်ခုမှာ ပန်းချီသင်ပေးရင်းနဲ့ တခြား စေတနာ့ဝန်ထမ်းလုပ်ငန်းလည်း လုပ်ပါတယ်။ ကိုယ်လက်အင်္ဂါမသန်စွမ်းရောဂါကု ဆေးရုံတွေမှာ ရုတ်တရက် ချက်ချင်းကြီး မမျှော်လင့်ဘဲ ဒုက္ခိတဘဝ ရောက်ခဲ့ရလို့ တငိုငိုတယိုယိုနဲ့ လူ့ဘဝမှာ ဆက်မနေပါရစေနဲ့

mgyoe.com

mgyoe.com

တော့ သေပါရစေတော့လို့ချည်း ပြောနေကြသူများ ရှိလာတဲ့အခါ ပိုလီယို ဝေဒနာသည် ပန်းချီဆရာမကို ဖုန်းဆက် အကြောင်းကြားလိုက်ပါတယ်။ အဲဒီအခါမှာ ဆရာမရောက်လာပြီး သေချင်နေတဲ့လူနာကို သူ့ကိုယ်တွေ့ ဘဝဖြစ်စဉ် ပြောပြပါတယ်။ အခု သူ ပန်းချီဆရာမဘဝနဲ့ ပျော်ရွှင်ကျေနပ် နေတာတွေလည်း ပြောပြပါတယ်။ သူနဲ့ တစ်ခါတွေ့ပြီး စကားပြောလိုက် ရတာနဲ့ သေချင်နေတဲ့ လူနာဟာ သေချင်စိတ် ပျောက်သွားပါတယ်။ နှစ်ကြိမ်လောက် စကားပြောပြီးပြီဆိုရင်တော့ လူ့လောကထဲကို ပြန်လည် တိုးဝင်ဖို့အတွက်လိုအပ်တဲ့ ပြန်လည်ပျိုးထောင်ရေး လေ့ကျင့်ခန်းတွေ လုပ်ပေးတာကို လိုလိုလားလား လက်ခံကြပါတော့တယ်။

ပိုလီယိုဆရာမ ခမျာမှာ ကျောင်းတစ်ဖက်နဲ့ အကူအညီတောင်းတဲ့ ဆေးရုံတွေ လှည့်လည်သွားရတာတစ်ဖက်နဲ့ အချိန်အားရယ်လို့တောင် မရှိရှာပါဘူး။ မသန်စွမ်းဖြစ်နေတဲ့ ဘဝကိုတောင် သူမေ့နေတယ်လို့ဆိုပါ တယ်။

အဲဒီစိတ်ဓာတ် 'ပရဟိတ' အကြောင်းပြောချင်တာပါ။ "ကျောင်းပိတ် ထားတော့ ပျင်းလိုက်တာ ဘာလုပ်ရမှန်းတောင် မသိဘူး" ဆိုတဲ့စကားကို ကျောင်းသူကျောင်းသားတွေနဲ့ နေ့စဉ်ထိတွေ့နေရသူဆိုတော့ အမြဲလိုလို ကြားနေရပါတယ်။ အဲဒီလို အချိန်ပိုတွေများပြီး ပျင်းနေတဲ့လူတွေ အများကြီး ရှိပါတယ်။

ကျောင်းသားတွေက ကျောင်းပိတ်ရက်မှာ ပျင်းနေတယ်။ ပင်စင်စား တွေက အလုပ်မရှိလို့ ပျင်းနေတယ်။ ဝန်ထမ်းတွေက ရုံးပိတ်ရက်မို့ ပျင်းနေ တယ်။ ပျင်းရိခြင်းဆိုတာ မကောင်းပါဘူး။ ဒါကို လူတိုင်းသိပါတယ်။ ဒါပေမဲ့ အဲဒီ 'ပျင်းရိခြင်း' ကို ကောင်းစွာ အသုံးချတတ်မယ်ဆိုရင် ကောင်း ကျိုးတွေ အများကြီး ဖြစ်ထွန်းလာနိုင်တယ်ဆိုတာတော့ လူတိုင်း သတိမပြုမိ ကြပါဘူး။ ကျောင်းသားတွေ၊ ပင်စင်စားတွေ၊ ဝန်ထမ်းတွေက ဘာမှ လုပ် စရာမရှိလို့ ပျင်းနေကြသလို တခြားပျင်းရိနေတဲ့လူတွေလည်း အများကြီး ရှိနေပါသေးတယ်။ ဘိုးဘွားရိပ်သာမှာ နှစ်ရှည်လများ အထီးကျန်နေကြရတဲ့ အဘိုးအဘွားတွေလည်း သားသမီးမြေးမြစ်တွေ စကားပြောဖော်မရှိလို့ ပျင်းနေကြရှာပါတယ်။ လနဲ့နှစ်နဲ့ချီပြီး ဆေးရုံပေါ်မှာ နေရလေ့ရှိတဲ့

mgyoe.com

mgyoe.com

မသန်စွမ်းဆေးရုံတွေမှာလည်း လူနာတွေခများ ပျင်းနေကြပါတယ်။

မိဘမဲ့ဂေဟာက ကလေးလေးတွေလည်း ပျင်းနေကြပါတယ်။ သူ့ရပ်ကွက် ကိုယ့်ရပ်ကွက်တွေထဲမှာလည်း ကုသိုလ်နည်းရှာလို့ ခြွေရံသင်းပင်းမရှိ၊ သားထောက်သမီးခံမရှိ တစ်ယောက်တည်း အထီးကျန်နေကြရတဲ့ အိုကြီးအိုမ အဘိုးအဘွားတွေ ရှိတတ်ပါတယ်။

တချို့နိုင်ငံတွေမှာ 'ပျင်းရိခြင်း' ကို ကောင်းကျိုးဖြစ်အောင် အသုံးပြုလေ့ရှိပါတယ်။ မြို့ကြီးပြကြီးတွေမှာ ရပ်ကွက်လူမှုရေးအဖွဲ့ (Neighbourhood Committee) ဆိုတာ ရပ်ကွက်တိုင်းမှာ ရှိကြပါတယ်။ အဲဒီအဖွဲ့လေးတွေက ကိုယ့်ရပ်ကွက်အတွင်းမှာ လိုအပ်တဲ့ လူမှုရေးဆောင်ရွက်ချက်များကို ဆောင်ရွက်ကြဖို့ ဆော်ဩပေးပါတယ်။ ဥပမာ – အိမ်တစ်အိမ်မှာ အသက်အရွယ် အိုမင်းမစွမ်း လူအိုလူမင်းတစ်ယောက်ရှိရင် အဲဒီ အဘိုးအဘွားရဲ့ အိမ်ကို ရပ်ကွက်တွင်းက ကျောင်းသူကျောင်းသား ကလေးသူငယ်တွေက အလှည့်ကျသွားရောက်ပြီး ဝေယျာဝစ္စ လုပ်ကိုင်ဆောင်ရွက်ပေးတာမျိုး၊ အဖော်လုပ်ပြီး စကားစမြည်ပြောတာ၊ စာဖတ်ပြတာဆိုတာမျိုးတွေ လုပ်ပေးကြပါတယ်။ မိခင်မကျန်းမာလို့ ဆေးရုံတက်နေရတဲ့အခါမျိုးမှာ အိမ်မှာကျန်နေရစ်တဲ့ ဘုစုခရုကလေးတွေကို သွားပြီး ကြည့်ရှုစောင့်ရှောက်ပေးတာ၊ ကျောင်းပို့ကျောင်းကြို လုပ်ပေးတာဆိုတာမျိုးတွေ လုပ်ပေးကြပါတယ်။ ဒီလိုကိစ္စမျိုးတွေကို ကျောင်းသူကျောင်းသားလေးတွေသာမက ပင်စင်ယူပြီးလို့ အားလပ်နေကြတဲ့ ပင်စင်စားကြီးတွေကလည်း လုပ်ကြပါတယ်။

မြန်မာလူမျိုးများဟာ ပရဟိတစိတ်ရှိတယ်။ စေတနာသဒ္ဓါတရားထက်သန်တယ်။ ကြင်နာသနားတတ်တယ်ဆိုတာ ကမ္ဘာကျော်ပါတယ်။ ဒါပေမဲ့လို့ ပရဟိတလုပ်ငန်းများကို စုပေါင်းလုပ်ဆောင်တဲ့ အလေ့အထအားနည်းတဲ့အတွက် ပရဟိတစိတ်ဓာတ် အဟောသိကံ ဖြစ်နေရတာမျိုးတွေရှိနေပါတယ်။ တစ်ဦးချင်းတစ်ယောက်ချင်း လုပ်နေတာထက် စုပေါင်းပြီးတက်ညီလက်ညီ လုပ်ကြမယ်ဆိုရင် ပိုပြီးထိရောက်မှုရှိပါလိမ့်မယ်။ စုပေါင်းလုပ်တဲ့အခါမှာလည်း စနစ်တကျ အသင်းအပင်းဖွဲ့ပြီး စည်းကမ်းစနစ်နဲ့လုပ်မယ်ဆိုရင် တစ်မုဟုတ်ချင်း အောင်မြင်နိုင်ပါတယ်။

သင်တန်းလေးတစ်ခု ဖွင့်ထားလို့ သင်တန်းသူသင်တန်းသားများကို

mgyoe.com

mgyoe.com

စုပေါင်း လုပ်ဆောင်တတ်အောင် လမ်းပြတဲ့အနေနဲ့ အခါအားလျော်စွာ ဆွံ့အနားမကြားကျောင်းတို့၊ မျက်မမြင်ကျောင်းတို့၊ ဘိုးဘွားရိပ်သာတို့လို နေရာများမှာ သွားပြီး ကျွေးမွေးလှူဒါန်းရင်း တစ်နေ့တာအချိန်ကို အသုံးချကြပါတယ်။ ဘိုးဘွားရိပ်သာသွားတဲ့အခါ ကျောင်းသူကျောင်းသားတစ်ဦးစီက ဘိုးဘွားတွေနဲ့ သွားပြီး စကားထိုင်ပြောရင်း ခေါင်းဖြီးပေး၊ လက်သည်းညှပ်ပေးလုပ်ကြပါတယ်။ ရိပ်သာမှာ နှစ်ရှည်လများ အထီးကျန်နေရရှာတဲ့ ဘိုးဘွားများဟာ စကားစမြည်ပြောရတာကို သိပ်ဝမ်းမြောက်ဝမ်းသာဖြစ်ကြပါတယ်။ သူတို့ကိုကြည့်ပြီး လူငယ်တွေလည်း ပီတိဖြစ်ကြရပါတယ်။ နောင်လည်း သူတို့ရဲ့မွေးနေ့များမှာ သွားပြီး ကျွေးမွေး ကုသိုလ်ယူတတ်ကြပါတယ်။ ဒါပေမဲ့ အများနဲ့ အပေါင်းအဖော်တွေနဲ့ အများကြီးသွားတာမဟုတ်တော့ တစ်နေကုန်ထိုင်ပြီး စကားစမြည်ပြောတာမျိုးတော့ မလုပ်နိုင်ဘူးပေါ့။ ဒီတော့ ဘိုးဘွားတွေ သိပ်ပြီး ဝမ်းသာပျော်ရွှင် မဖြစ်ကြရပါဘူး။ ကိုယ်လည်း ဘိုးဘွားတွေ ပျော်ရွှင်နေတာကြည့်ပြီး ပီတိမခံစားရပါဘူး။ ဒါမျိုးက အသင်းအပင်း အဖော်အပေါင်းတွေနဲ့မှ လုပ်လို့ဖြစ်နိုင်တာမျိုးပါ။

ရွှေတိဂုံစေတီတော်ကြီးကို နေ့စဉ် လူတွေ ထောင်နဲ့ချီပြီး တက်ရောက်နေကြတာဖြစ်ပါတယ်။ အခါကြီးရက်ကြီးများမှာဆိုရင် သောင်းနဲ့ချီပြီး ရောက်ကြပါတယ်။ ဒါပေမဲ့ ဘယ်အချိန်ကြည့်ကြည့် ဘယ်ထောင့် ဘယ်နေရာကြည့်ကြည့် ရင်ပြင်တော်ပေါ်မှာ နေကြာစေ့ခွံတွေ၊ အချဉ်ထုပ်အိတ်တွေ၊ ကြွပ်ကြွပ်အိတ်တွေ စတဲ့အမှိုက်တွေနဲ့ ရှုပ်ပွနေတာမျိုး မတွေ့ရပါဘူး။ အမြဲတမ်း ရှင်းလင်းနေတာပဲ။ ဘာကြောင့်လဲဆိုတော့ တံမြက်လှည်းသင်းတွေ၊ သန့်ရှင်းရေးအသင်းတွေ၊ ရေကြည်တော်ဝတ်အသင်းတွေက ပရဟိတ စေတနာရှင်တွေက နေ့ညမပြတ် သန့်ရှင်းရေးဆောင်ရွက်ပေးနေကြတကိုး။ အဲဒီနမူနာကောင်းကို ယူပြီး ရပ်ကွက်တိုင်း ရပ်ကွက်တိုင်း၊ မြို့တိုင်း ရွာတိုင်းမှာ ပရဟိတအဖွဲ့လေးတွေ ဖွဲ့စည်းတည်ထောင်ပြီး လုပ်ဆောင်ကြမယ်ဆိုရင် လူမှုဒုက္ခ တော်တော်များများကို လျော့ပါးသက်သာသွားစေနိုင်ပါလိမ့်မယ်။

တချို့မြို့ပြတွေမှာ ပရဟိတအသင်းအဖွဲ့များ ထွန်းကားစပြုလာနေတာကို ဝိုင်းဝန်းကူညီ အားပေးကြဖို့လိုပါတယ်။ ပရဟိတစိတ်ဓာတ် လူငယ်

mgyoe.com

mgyoe.com


တွေကြား ပြန့်ပွားအောင်လည်းလှုံ့ဆော်ပေးသင့်ပါတယ်။ ပရဟိတစိတ်ဓာတ်ဆိုတာ ဘာသာလူမျိုးကွဲပြားမှု မရှိပါဘူး။ အားလုံး ပါဝင်လုပ်ဆောင်နိုင်ပါတယ်။ ရပ်ကွက်တွင်းမှာရှိတဲ့ ပင်စင်စားကြီးတွေက ရှေ့ဆောင်ရှေ့ရွက်ပြုပေးကြရင် ကျောင်းသူကျောင်းသား လူငယ်လူရွယ်တွေ နောက်ကအားတက်သရောလိုက်ပါလာကြမှာ ဖြစ်ပါတယ်။

တစ်လောလေးက နိုင်ငံခြားမဂ္ဂဇင်းများမှာ မိုက်ကရိုဆော့ဖ်သူဌေး ဘီလ်ဂိတ် ဇနီးမောင်နှံက ဒေါ်လာ ၂၄ ဘီလျံမတည်ပြီး ဂိတ်ဖောင်ဒေးရှင်းတည်ထောင်လိုက်တယ်ဆိုတာ ဖတ်မိတော့ မြန်မာလူမျိုးများမှာ အဖွဲ့အစည်းနဲ့လုပ်တဲ့ အကျင့်အားနည်းနေသေးသလို၊ တစ်သီးပုဂ္ဂလိက ပရဟိတလုပ်ငန်းဆောင်ရွက်ကြရာမှာလည်း နည်းစနစ်ကျကျနဲ့ဆောင်ရွက်တဲ့ အလေ့အထမရှိသေးတာကို သတိပြုမိပါတယ်။ သူတို့ဆီမှာတော့ ရှေးက ဖို့ဒ်ဖောင်ဒေးရှင်းတို့၊ ရော့ကဲဖဲလားဖောင်ဒေးရှင်းတို့လို ဖောင်ဒေးရှင်းကြီးတွေဟာ စီးပွားရေးလုပ်ငန်းရှင် သူဌေးကြီးတွေရဲ့ ကိုယ်ပိုင်ငွေကို စနစ်တကျ ဖွဲ့စည်းထားတဲ့ ဂေါပကအဖွဲ့ လက်ထဲအပ်ပြီး အကျိုးရှိစေမယ့်လုပ်ငန်းများ ဆောင်ရွက်စေတာ ဖြစ်ပါတယ်။ နိုဘဲလ်ဆုတို့၊ ပူလစ်ဇာဆုတို့ဆိုတာတွေလည်း တစ်ဦးတစ်ယောက်ရဲ့ မတည်လှူဒါန်းငွေနဲ့ ဆောင်ရွက်ကြတာတွေ ဖြစ်ပါတယ်။

စာပေနယ်က ဆရာဇော်ဂျီစာပေဆု၊ ဒေါက်တာနိုင်ပန်းလှ စာပေဆု၊ ဒေါ်ပတ္တမြားခင်ရန်ပုံငွေ စသဖြင့် ပေါ်ထွက်လာတာ ဝမ်းသာစရာဖြစ်ပါတယ်။ များများပေါ်ထွန်းလာအောင်လည်း ကြိုးစားကြရပါမယ်။

ပရဟိတစိတ်ဓာတ်က အမွန်မြတ်ဆုံးစိတ်ဓာတ်ပါ။ လူတိုင်းလူတိုင်းမှာ ရှိကြပါတယ်။ စနစ်တကျ ဆွဲထုတ်ယူနိုင်ဖို့သာ လိုပါတယ်။ လူတိုင်းလူတိုင်းမှာ ပျင်းရိခြင်းဆိုတာလည်း ရှိပါတယ်။ အဲဒီပျင်းရိခြင်းကို အကျိုးရှိအောင် အသုံးချလိုက်မယ်ဆိုရင် ပရဟိတလုပ်ငန်း ဖြစ်ပါတယ်။ ပျင်းရိခြင်းမှာလည်း တန်ဖိုးရှိပါတယ်။

**အလင်းတန်းဂျာနယ် အမှတ် (၁၉၅)**

**၂၀၀၂ ခုနှစ်၊ မတ်လ ၂၂ ရက်။**

❐

mgyoe.com

mgyoe.com

# ဂျာနယ်ဆိုတာ မှန်

"ဂျာနယ်တွေဖတ်ရတာ အရေ(ရည်)မရ အဖတ်မရနဲ့မို့ အချိန်ကုန်ခံ ဖတ်မနေတော့ဘူး"

တစ်နေ့မနက်ခင်းမှာ ဂျာနယ်တွေ ထိုင်ဖတ်နေတုန်း မဂ္ဂဇင်းအယ်ဒီတာ တစ်ယောက် ရောက်လာပါတယ်။ သတင်းစာသမား အကျင့်က ဖျောက်မရနိုင်တာကြောင့် ထွက်သမျှ ဂျာနယ်တွေအားလုံး ဝယ်ပြီးဖတ်ရကြောင်း ပြောပြလို့ သူက တုံ့ပြန်ပြောလိုက်တဲ့စကားဖြစ်ပါတယ်။ တစ်လောကလည်း တခြား မဂ္ဂဇင်းအယ်ဒီတာတစ်ယောက်က ဂျာနယ်တွေ ၁၀၀ ဝန်းကျင်လောက် ထွက်နေတာ စက္ကူဖြုန်းတီးရာရောက်ကြောင်း ပြောသွားတာကို နားထောင်လိုက်ရပါတယ်။ "စာမဖတ်ရင် အယ်ဒီတာမလုပ်နဲ့" ဆိုတဲ့ ခေါင်းစဉ်နဲ့ အယ်ဒီတာလုပ်တဲ့သူတစ်ယောက်ဟာ စာမှန်သမျှကို နေ့စဉ် ဝတ္တရားတစ်ခုအဖြစ် ဖတ်ကိုဖတ်နေရမယ်ဆိုတဲ့အကြောင်း ဆောင်းပါး ရေးဖူးခဲ့တာကြောင့် သူတို့ပြောခဲ့တာကို ဘာမှပြန်မပြောလိုက်တော့ပါဘူး။ ပြုံးရုံပြုံးပြီး နားထောင်နေလိုက်ပါတယ်။

ဒီစကားမျိုးပြောတာ ဒီအယ်ဒီတာနှစ်ယောက်သာ မကပါဘူး။ စာရေးဆရာ တော်တော်များများနဲ့ စာနယ်ဇင်းဆရာများလည်း ပြောကြတာကို ကြားဖူးပါတယ်။ ဘယ်သူတွေ ဘယ်လိုပဲပြောပြော သေရာပါမယ့်

mgyoe.com

mgyoe.com


သတင်းစာ ပိုးကြောင့် ထုတ်သမျှတော့ ဖတ်မြဲဖတ်ပါတယ်။ သတင်းစာသမား ဘဝတုန်းကလည်း ဒီလိုပဲ ထွက်သမျှသတင်းစာအားလုံးကို ဝတ္တရားအရ ဖတ်ခဲ့ရတာဖြစ်ပါတယ်။ မနက်မိုးလင်းတာနဲ့ စားပွဲပေါ်ရောက်နေတဲ့ သတင်းစာတွေကို 'နိပြာတံ' တစ်ချောင်းကိုင်ပြီး ကိုယ့်သတင်းစာက မရ လိုက်တဲ့ ဘယ်လို 'စကု' သတင်းမျိုးများ ရှိသလဲဆိုတာ ရှာဖွေမှတ်သား ရပါတယ်။ ကိုယ်လည်းရေး၊ သူလည်းရေးတဲ့ သတင်းမျိုးကိုလည်း ဘယ်လို အချက်အလက်တွေများ ကိုယ့်ထက်ပိုပါနေသလဲ၊ ဘယ်လိုအမှားအယွင်းမျိုး သူ့မှာ ကိုယ့်မှာ ပါနေသလဲ။ သတင်းချင်းအတူတူ သူ့တင်ပြချက်၊ ကိုယ့် တင်ပြချက် ဘယ်လိုကွာခြားသလဲ ဆိုတာမျိုးတွေလည်း မှတ်သားလေ့လာ ရပါတယ်။ ပြောပလောက်တဲ့ကိစ္စမျိုးနဲ့တွေ့ခဲ့ရင်လည်း သက်ဆိုင်ရာသတင်း ရေးတဲ့သတင်းထောက်ကို ပြန်ပြောရ မေးရပါတယ်။ ဒါက သတင်းစာ အယ်ဒီတာတစ်ယောက် မနက်တိုင်းပြုကျင့်မြဲ နိစ္စဓူဝအလုပ် ဖြစ်ပါတယ်။

သတင်းစာသမား မဟုတ်သူအနေနဲ့က ကိုယ်ကြိုက်ရာ သတင်းစာ တစ်စောင်နှစ်စောင် ရွေးပြီးဖတ်ရင် လုံလောက်ပါတယ်။ ဒါပေမဲ့ သတင်းစာ သမားအနေနဲ့ကတော့ ကြိုက်တာကိုရွေးဖတ်လို့ မရပါဘူး။ ကြိုက်တာရော၊ မကြိုက်တာပါ အကုန်ဖတ်ဖို့ လိုအပ်ပါတယ်။ မကောင်းဘူး၊ ညံ့လိုက်တာ ဆိုတဲ့ သတင်းစာတွေထဲကလည်း ယူတတ်ရင် အကျိုးရှိပါတယ်။ ဘယ်လို မကောင်းတာလဲ၊ ဘာကြောင့်မကောင်းတာလဲဆိုတာကို သုံးသပ်ဝေဖန်ကြည့် ရင်း ပညာရလာစေပါတယ်။ ယုတ်စွအဆုံး ကြော်ငြာထဲကတောင် ယူတတ် သူအဖို့ ပညာရနိုင်ပါတယ်။

"သတင်းစာများသည် သမိုင်းကို ပြောနေကြသည်" ဆိုတဲ့ ဦးလေး လူထုဦးလှရဲ့ စာအုပ်အတွက် အမှာစာရေးတော့ ဆရာတော်ရွှေကိုင်းသားက "သတင်းစာသည် တိုင်းပြည်အဖြစ်အပျက်၊ ကမ္ဘာ၏အဖြစ်အပျက်များကို နေ့စဉ်ဖော်ပြလျက်ရှိရာ ယခုကာလ အဖြစ်အပျက်တို့သည် နောင် အနှစ် တစ်ရာလောက်ကြာသောအခါ သတင်းအဖြစ်မှ ရာဇဝင်အဖြစ်သို့ ရောက်ရှိ ပြီး သတင်းစာဖိုင်တွဲကို ရာဇဝင်စာအုပ်အဖြစ် ဖတ်ရှုကြရပေလိမ့်မည်" လို့ ရေးခဲ့ပါတယ်။

ဒီနေ့ ဂျာနယ်များဟာ ဒီခေတ်က မွေးထုတ်လိုက်တဲ့ အပတ်စဉ်ထုတ်

mgyoe.com

mgyoe.com


သတင်းစာတွေပဲ မဟုတ်လား။ ဒီတော့ ခေတ်ကို ထင်ဟပ်ပြသပါတယ်။ ခေတ်အကြောင်းသိဖို့ ဂျာနယ်တွေဖတ်ဖို့ လိုအပ်ပါတယ်။ ပြီးတော့ သမိုင်းဆိုတာ အဖြစ်ကို အဖြစ်အတိုင်း၊ အရှိကို အရှိအတိုင်း အတ္တနောမတိ ကင်းရှင်းစွာနဲ့ မှတ်တမ်းတင်ရဘာ ဖြစ်ပါတယ်။ ဒါကြောင့် သမိုင်းဆရာရဲ့အလုပ်ဟာ သတင်းစာဆရာရဲ့အလုပ်နဲ့ သဘာဝချင်းတူပါတယ်။ သမိုင်းဆရာက ကောင်းတာတွေကိုပဲ မှတ်တမ်းတင်မယ်၊ မကောင်းတာတွေကို ဖျောက်ထားမယ်လို့ လုပ်မရသလို သတင်းစာသမားကလည်း အကျိုးရှိစေတဲ့အရာ၊ အကျိုးမဲ့စေတဲ့အရာလို့ ရွေးချယ်ပိုင်ခွင့်မရှိပါဘူး။ သတင်းဖြစ်ရင် ရေးရမှာပါ၊ သူ ရွေးချယ်ရမှာက တစ်ခုတည်းရှိပါတယ်။ အဲဒါကတော့ သတင်းလား၊ အတင်းလားဆိုတဲ့ အချက်ဖြစ်ပါတယ်။ အတင်းအဖျင်းမဟုတ်တဲ့ အဖြစ်အပျက်မှန်သမျှဟာ သတင်းပါပဲ။ အဲဒီလိုသတင်းတွေကို ရေးသားဖော်ပြပေးတာဖြစ်ရင် နေ့စဉ်ပဲထုတ်ထုတ်၊ ရက်ခြားပဲထုတ်ထုတ်၊ တစ်ပတ်တစ်ခါပဲထုတ်ထုတ်၊ တစ်လမှာ တစ်ခါပဲထုတ်ထုတ် သတင်းစာလို့ ခေါ်နိုင်ပါတယ်။

ရှေးဟောင်းသုတေသန ပညာရှင်များနဲ့ သမိုင်းဆရာများ မြေကြီးတွေကို တူးဆွပြီး အိုးခြမ်းပဲ့လေးတွေ လိုက်ကောက်ကြ၊ အရိုးစလေးတွေ လိုက်စုကြ၊ ကျောက်ဖြစ်ရုပ်ကြွင်းတွေ လိုက်ရှာကြ၊ လုပ်နေကြတာတွေကို သတိထားမိကြပါလိမ့်မယ်။ သူတို့ဟာ ခေတ်တွေအကြောင်း၊ လူတွေအကြောင်းသိဖို့ သက်သေအထောက်အထားတွေ ခက်ခက်ခဲခဲ လိုက်ရှာနေကြတာပါ။ စာနယ်ဇင်းတွေမရှိလို့သာ ဒီလို တပင်တပန်း လိုက်ရှာနေကြတာဖြစ်ပါတယ်။ စာအုပ်နဲ့ စာနယ်ဇင်းတွေ ပေါ်ထွန်းလာပြီးခေတ်မှာတော့ ဒီလို ပင်ပန်းစရာမရှိတော့ပါဘူး။ တိကျခိုင်မာတဲ့ အထောက်အထားအချက်အလက်တွေကို စာနယ်ဇင်းတွေထဲက အလွယ်တကူ ရှာဖွေထုတ်ယူလို့ ရနိုင်ပြီဖြစ်ပါတယ်။ အဲဒါကြောင့် ဆရာတော်ရွှေကိုင်းသားက ...

*"ယနေ့ သတင်းစာတစ်စောင်သည် သတင်းပြောကြားသူအဖြစ်ဖြင့် တာဝန်ထမ်းဆောင်နေသော်လည်း နောင်အနှစ် ၅၀ မျိုး၊ ၁၀၀ မျိုး ရောက်သောအခါ၌ သာမန်သတင်းပြောကြားသူအဖြစ်မှ ထိုထက်အဆင့်မြင့်သော ရာဇဝင်နှင့် သမိုင်းပုံပြင်များ ပြောကြားသူအဖြစ်သို့ ရောက်ရှိသွား*

mgyoe.com

mgyoe.com


*ပေလိမ့်မည်" လို့ သူရေးတဲ့အမှာထဲမှာ ရေးသားခဲ့တာဖြစ်ပါတယ်။ ကောင်းတယ်ဆိုးတယ်ဆိုတာ စာနယ်ဇင်းများက ရွေးချယ်လိုက်တာ မဟုတ်ပါဘူး။ ရှိနေတာကို ရှိနေတဲ့အတိုင်း၊ ဖြစ်နေတာကို ဖြစ်နေတဲ့အတိုင်း မှတ်တမ်းတင်ပေးကြရတာသာ ဖြစ်ပါတယ်။ စာနယ်ဇင်းဆိုတာ ခေတ်ရဲ့ကြေးမုံသာလျှင်ဖြစ်ပါတယ်။ လှရင်လှတဲ့အတိုင်း၊ အကျည်းတန်ရင်လည်း အကျည်းတန်တဲ့အတိုင်း ကြေးမုံမှန်သားပြင်မှာ ပေါ်လာရတာဖြစ်ပါတယ်။*

အဲဒါကြောင့်ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေ တိုးပွားလာခြင်းဟာ ကောင်းတဲ့လက္ခဏာဖြစ်ပါတယ်။ စက္ကူတွေ အချည်းအနှီးဖြုန်းတီးပစ်ရာ မကျပါဘူးလို့ပြောချင်ပါတယ်။ နိုင်ငံရဲ့လူဦးရေနဲ့နှိုင်းစာရင် ရှိနေတဲ့ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းအရေအတွက်ဟာ နည်းတောင်မှ နည်းနေပါသေးတယ်။ ရိုက်နှိပ်ဖြန့်ချိရတဲ့ စောင်ရေဆိုလည်း အင်မတန်မှကို နည်းလှပါသေးတယ်။ ဒီနေ့မြန်မာနိုင်ငံရဲ့ လူဦးရေဟာ သန်း ၄၀ ကျော် ၅၀ လောက် ရှိနေပြီဆိုလေတော့ ထုတ်ဝေနေတဲ့ စာနယ်ဇင်းများရဲ့ တစ်စောင်ချင်းစောင်ရေဟာ သိန်းဂဏန်းလောက်တော့ ရှိသင့်တာပေါ့။ ဒီလိုရှိလာအောင် ဝိုင်းဝန်းအားပေးကြဖို့လိုပါတယ်။ မလှလို့ မကြိုက်ဘူးဆိုရင်လည်း မှန်ကိုတော့ အပြစ်မတင်သင့်ပါဘူး။ ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ ပြန်ကြည့်ဖို့တော့ လိုလိမ့်မယ်ထင်ပါတယ်။

**အလင်းတန်းဂျာနယ် အမှတ် (၁၉၆)**
**၂၀၀၂ ခုနှစ်၊ ဧပြီလ ၁ ရက်။**

❒

mgyoe.com

mgyoe.com

# ရှက်မိပြန်ပါပြီ

နေ့စဉ်ထွက်နေတဲ့ ဂျာနယ်တွေကို ဝတ္တရားတစ်ခုသဖွယ် မနက်တိုင်း ဖတ်နေရင်း တစ်ခါတစ်ခါ သတင်းစာဂျာနယ်တို့ရဲ့ တာဝန်နဲ့ပတ်သက်ပြီး အတွေး ဖြန့်ကြက်မိတတ်ပါတယ်။

သတင်းစာဂျာနယ်တို့မှာ ဖြစ်ပျက်နေတဲ့ သတင်းကို အရင်းအတိုင်း ပြန်လည်တင်ပြရုံသက်သက် တာဝန်ရှိသလား။

တခြား ဘာတာဝန်ရှိသေးသလဲ။

ရှေးက လူကြီးသူမများ ပြောခဲ့တဲ့ 'ပြည်ကြီးပခုံး' 'ပြည်ကြီးလက်ရုံး' ဆိုတဲ့ စကားများအတိုင်း သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတို့မှာ တိုင်းပြည် တာဝန်ကို သယ်ပိုးထမ်းရွက်ရမယ့်တာဝန် မရှိပေဘူးလား။

'စတုတ္ထမဏ္ဍိုင်' လို့ ဘာဖြစ်လို့ သတ်မှတ်ခဲ့ကြတာလဲ။

ဒီသတ်မှတ်ချက်အတိုင်း စာနယ်ဇင်းတွေ ကျင့်သုံးနိုင်ခဲ့ကြသလား။

ဒီသတ်မှတ်ချက်ကိုကော အသိအမှတ်ပြု ခံကြရပါသလား။

လားပေါင်းများစွာသော မေးခွန်းတွေ မေးကြည့်ရင်းနဲ့ စာနယ်ဇင်း ဆိုင်ရာ စာအုပ်တွေကို ပြန်ဖတ်မိပါတယ်။ ဦးလေး လူထုဦးလှရေးခဲ့တဲ့ "သတင်းစာများသည် သမိုင်းကို ပြောနေကြသည်" ဆိုတဲ့စာအုပ်ကို ဖတ် နေရင်း အကြောင်းအရာလေးတစ်ခု သွားတွေ့ပါတယ်။

mgyoe.com

mgyoe.com


ခုခေတ် အယ်ဒီတာထံ ပေးစာကဏ္ဍမျိုးတစ်ခုပါ။ ၁၈၇၃ ခုနှစ်၊ ဇန်နဝါရီ ၂၄ ရက်၊ သောကြာနေ့ထုတ် 'မြန်မာသတင်းစာ' မှ ကောက်နုတ်ဖော်ပြထားတာဖြစ်ပါတယ်။

စာဖတ်ပရိသတ်တစ်ဦးက မြန်မာသတင်းစာ အယ်ဒီတာရဲ့ ပြန်ကြားချက်တစ်ချက်နဲ့ပတ်သက်ပြီး ထပ်ဆင့်မေးမြန်းချက်နဲ့ အဲဒီမေးမြန်းချက်ကို အယ်ဒီတာက ပြန်လည်ဖြေကြားထားတာ ဖြစ်ပါတယ်။ ဖတ်ကြည့်ကြပါ။ (ရှေးစာဟောင်းကို ကူးယူဖော်ပြထားတာဖြစ်လို့ သတ်ပုံများကို မူရင်းအတိုင်းပဲ ထားပါတယ်။ ရှေးက ရေးဟန်ကို လေ့လာနိုင်အောင်ပါ)။

## မြန်မာသတင်းစာဆရာကို ပေးရန်စာ

(သတင်းစာသို့ ပေးစာရေးသားလျှင် မရေးသင့်သည်ကို သိပြီးဖြစ်၍ ရေးသင့်သည်ကို အစဉ်အမှတ်ရအောင် ပြန်ပြောပြလိုက်ပါမည့်အကြောင်း)

ကြားရောက်လိုက်ပါသည် ခင်ဗျား။ အထက်က ခင်ဗျားတို့ထုတ်လိုက်သော သတင်းစာတစ်ခုတွင် မန္တလေး ရွှေမြို့တော်သားတစ်ယောက်က သတင်းစာ ရေးပေးလိုက်ရာ မှာကြားလိုက်ပါသည် အစချီ၍ ပါလာသည်ကို သည်ကဲ့သို့ မရေးသင့်ကြောင်း၊ ဝန့်ရှင်တော်မင်းကြီးက အောက်အရာရှိငယ်များကို ရေးပေးသည့် စာမျိုးဖြစ်ကြောင်းနှင့် ဆရာက ပြန်ပြောလိုက်၍ မရေးသင့်သည်ကို သိကြရပါပြီ။ ရေးသင့်သည့်နည်းကို မှတ်ချက်တစ်ခုနှင့် အစဉ်အမှတ်ရအောင် ပြန်ပြောလိုက်ပါခင်ဗျား။

မောင်သိချင်

× × × × ×

### သတင်းစာဆရာ မှတ်ချက်

မောင်သိချင် မန္တလေးရွှေမြို့တော်က ကျွန်ုပ်တို့တိုက်ကို သတင်းရေးပေးလိုက်သူသည် တိုက်အလုပ်ကို ထောက်မသူဖြစ်၍ ထိုသူ့အပေါ်၌ အပြစ်ဆိုရင်း သဘောမရှိ၊ သတင်းစာ ရေးပေးလိုက်သောသူသည် သတင်းစာ အကြောင်းအရာကို ကောင်းစွာမသိသေး၍ ဤကဲ့သို့ မရည်ငံသောအသံဖြင့် ရေးပေးလိုက်သော လက္ခဏာထင်သည်နှင့် မိဘ၊ မိတ်ဆွေကောင်း၊

mgyoe.com

mgyoe.com


စသော ချစ်အပ်သော သူတို့သဘောသည် မတော်သောအရာကို မြင်သော် ကြည့်ရက်နိုင်မြဲမဟုတ်။ နောင်လည်း ဤကဲ့သို့ ရေးပေးဦးမည်စိုးသောကြောင့် ပြောလိုက်သည်။

သတင်းစာအကြောင်းကို မသိသေးဆိုသည်မှာ တလိုင်းမြန်မာနိုင်ငံမှာ သတင်းစာဟူ၍ ရှေးက မရှိစဖူး၊ ယခု အင်္ဂလိပ်တို့ ရောက်လာမှ အနောက်ပြည်က နည်းနာကိုမှီ၍ ကျွန်ုပ်တို့ လုပ်ကိုင်စထွင်ကြသည်။ လေးနှစ်လောက်သာ ရှိသေးသည်။ ထိုလေးနှစ်အတွင်းမှာလည်း အင်္ဂလိပ်မင်းအပိုင် နိုင်ငံမှာသာ အများနှံ့ပြားသည်။ မြန်မာနိုင်ငံမှာကား မနှံ့ပြားသေး။ မြန်မာအစိုးရ လူကြီးများ ယူသည်ကို မြင်ဖူးရုံမျှသာ ရှိကြသေးသည်ဖြစ်၍ နောက် ဆင်ခြင်အောင် ပြန်ပြောလိုက်သည်။

သတင်းစာတိုက်မှာ ကျွန်ုပ်တို့ သတင်းစာသမားကို ရေးပေးလျှင် သတင်းစာနှင့် အများနှင့်မဆိုင်။ သတင်းစာမှာ ထည့်ရန် ပေးလျှင်လည်း သတင်းစာသမားနှင့် မဆိုင်။

သတင်းစာဆရာကို ဘုရားကျွန်တော်မျိုး ချီ၍ ရေးပေးနေကျဖြစ်သော်လည်း သတင်းစာမှာ ထည့်ရန် ရေးပေးလျှင် ဤသို့မရေးသင့်။ ကျွန်ုပ်တို့ကို မရိုမသေ ရေးပေးနေကြဖြစ်သော်လည်း သတင်းစာသို့ဖြစ်လျှင် မရိုမသေ မရေးသင့်။

သတင်းစာဆိုသည်ကား အများနှင့်ဆက်ဆံသော အရာဖြစ်သည်။ သတင်းစာထည့်ရိုက်လျှင် တစ်စောင်တည်းနှင့် ပြီးသည်မဟုတ်။ သတင်းစာ အစောင်စောင်က တစ်စောင်မှသည် တစ်စောင်သို့ အဆင့်ဆင့်ကူးယူ၍ ပြန်ဆိုထည့်ရိုက်ကြသဖြင့် ကြည်းကြောင်း၊ ရေကြောင်း ရောက်သွားသည့် အဆိုးအကောင်း အကြောင်းတစ်ခုလို နှစ်လလောက်နှင့် တစ်ကမ္ဘာလုံး နှံ့ပြားလေသည်။ ကြီးသောသတင်းဖြစ်လျှင် ကြေးနန်းဆရာတို့က ကူး၍ ရိုက်သဖြင့် လေးငါးရက်နှင့် တစ်ကမ္ဘာလုံးပျံ့နှံ့သည်။ သတိပညာနှင့် ပြည့်စုံတော်မူသော တိုင်းပြည်ဝန်ကို ကောင်းစွာ ရွက်ဆောင်တော်မူလေ့ရှိသော ဘုရင်မင်းမြတ်များလည်း သတင်းစာကို ကိုယ်တော်တိုင် ကြည့်ရှုတော်မူကြသည်။

ထိုမှတစ်ပါးလည်း အလုပ်အကြံကို ကောင်းစွာ လေ့လာသော

mgyoe.com

mgyoe.com

မင်းအစိုးရ၊ ကုန်သည်၊ ပညာသည် အလုပ်သည် မျိုးစုံပင် ကြည့်ကြသော ကြောင့် အများကို ပြောသောအရာဖြစ်၍ သတင်းစာသို့ရေးလျှင် လွန်စွာလည်း မရှိသေစကောင်း မှာကြားလိုက်သည် ဆိုသကဲ့သို့ မချေမငံလည်း မရေးကောင်း ယဉ်ကျေးရုံသာ ရေးစကောင်းသည်။

သတင်းစာသမားကို ရေးလျှင် စာရေးသူနှင့် စာခံသူ လူရည်နိမ့်မြင့်ကို တိုင်းထွာ၍ ရေးရာသည်။ သတင်းစာထည့်ရန် ရေးလျှင် "ကြားရောက်လိုက်ပါသည် သတင်းစာဆရာ ခင်ဗျား" ဟူ၍သာလျှင် အများရေးရိုးအတိုင်း ရေးသင့်သည်။

၁၂၃၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်၊
(၁၈၇၃ ခု၊ ဇန်နဝါရီလ ၂၄ ရက်)
သောကြာနေ့နံနက် မြန်မာသတင်းစာမှ။

မြန်မာသတင်းစာဆိုတာက ၁၈၇၂ ခုနှစ်၊ မေလ ၃၁ ရက်နေ့မှာ စတင်ထုတ်ဝေတဲ့ တစ်ပတ်တစ်ကြိမ်ထုတ် သတင်းစာဖြစ်ပါတယ်။ သောကြာနေ့တိုင်း ထုတ်ပါတယ်။ ရန်ကုန်မြို့ရှိ အင်္ဂလိပ်ကုန်သည်များက ဦးစီးဦးကိုင်ပြုပြီး ထုတ်ဝေခဲ့တာပါ။ ပထမမြန်မာသတင်းစာလို့ သတ်မှတ်ကြတဲ့ 'ဓမ္မသိ သတင်းစာ' ကို ၁၈၄၃ ခုနှစ်က ထုတ်ဝေခဲ့တာဆိုတော့ ၁၈၇၂ ခုနှစ်ထုတ် မြန်မာသတင်းစာထွက်လာချိန်မှာ မြန်မာနိုင်ငံရဲ့ သတင်းစာသက် ရင့်ကျက်နေပြီလို့ ယူဆခဲ့တာပါ။ ကူးယူဖော်ပြထားတဲ့ စာထဲမှာ တွေ့ကြရတဲ့အတိုင်း မြန်မာသတင်းစာ အယ်ဒီတာက မြန်မာကို ကျော်ပြီး ကမ္ဘာကြီးအထိ လှမ်းမျှော်ကြည့်ရှုခဲ့တယ် မဟုတ်လား။ အဲဒီအမြင် ကျယ်မှုမျိုးကို ကျွန်တော်တို့တစ်တွေ အတုယူသင့်ကြတယ်လို့ ထင်ပါတယ်။ ကျွန်တော်တို့ ရေးသားလိုက်တဲ့ အကြောင်းအရာတွေကိုကြည့်ပြီး တိုင်းတစ်ပါးသားတွေက ကျွန်တော်တို့ကို အကဲဖြတ်ကြမှာဖြစ်ပါတယ်။ ဒါတင်မက ဒီနေ့ ကျွန်တော်တို့ ရေးလိုက်တဲ့စာတွေကို နောက်နှစ်ပေါင်း ၁၀၀ မျိုး၊ ၂၀၀ မျိုးကြာ သွားတဲ့အခါကျတော့ အဲဒီခေတ်လူတွေက သမိုင်းမှတ်တမ်းများအဖြစ် တလေးတစား ဖတ်ရှုလေ့လာကြမှာပါ။ သတင်းစာဆိုတာ စိတ်အချရဆုံး မှတ်တမ်းများဖြစ်တယ်လို့ ဆိုကြတယ် မဟုတ်လား။

mgyoe.com

mgyoe.com

စာပေဟောင်းတွေကို ခုလို အသက် ၆၀ တန်းရောက်မှ ပြန်ဖတ်တော့ အသက် ၂၀ ရွယ်၊ ၃၀ ရွယ်က ဖတ်ခဲ့တာမျိုးနဲ့ မတူတဲ့အမြင်တွေရလာပြီး ကိုယ့်ဘာသာကိုယ် ရှက်မိပါတော့တယ်။ ဟိုနှစ်ဆယ်ဝန်းကျင် အရွယ်တုန်းကတော့ အသစ်အသစ်ဆိုတာတွေကို တွေ့ဖူးခါစဆိုတော့ ကိုယ့်ဟာကိုယ် ထင်တစ်လုံးနဲ့ ဟုတ်လှပြီထင်နေတာကိုး။ ခေတ်စမ်းစာပေတို့ ဘာတို့ဆိုတာတွေဟာ ပြုပြင်ရေးအဆင့်လောက်နဲ့ ရောင့်ရဲနှစ်သိမ့်နေတဲ့ စာပေအမျိုးအစားဖြစ်တယ်။ ခေတ်စမ်းလောင်းရိပ်က ဖောက်ထွက်ရမယ်။ ဘာညာနဲ့ ကြွေးကြော်ခဲ့တာလောက်ကိုပဲ သမိုင်းပေးတာဝန်ကျေပွန်စွာ ထမ်းဆောင်နေတာလို့ ကိုယ့်ဟာကိုယ် ယူဆပြီး ကျေနပ်နှစ်သိမ့်နေခဲ့ဖူးပါတယ်။

အသိဉာဏ် နုံနဲ့သေးတာကိုး။

ဘယ်ဝေဖန်ပိုင်းခြား လုပ်တတ်ဦးမှာလဲ။ ခုမှ အဲဒါတွေ ပြန်တွေးမိပြီး ရှက်မိပါတော့တယ်။

အလင်းတန်းဂျာနယ် အမှတ် (၁၉၇)
၂၀၀၂ ခုနှစ်၊ ဧပြီလ–၈ ရက်။

❒

mgyoe.com

mgyoe.com

## လူထုစိန်ဝင်းသို့ ကိုဦးဆွေ၏ မေးခွန်း (၁)

တာဝန်ခံ အယ်ဒီတာတစ်ဦး အဖြစ်တင်မက သတင်းသမားတစ်ဦးအနေနဲ့ပါ သတင်းလိုက်ရင်း ကြုံတွေ့ရတဲ့ အဖြစ်အပျက်တချို့ကို ရှေ့မီနောက်မီ ဝါရင့်စာနယ်ဇင်းသမားကြီးတစ်ဦးဖြစ်တဲ့ ဆရာ လူထုစိန်ဝင်းအား မေးခွန်းလေးတွေပို့ပြီး ဆရာ့အမြင်ကို ဖြေကြားပေးဖို့ ကျွန်တော် တောင်းဆိုခဲ့ပါတယ်။ ဆရာကလည်း လိုလိုလားလား ဖြေပေးတာကြောင့် ကျွန်တော်နဲ့ ဆရာရဲ့ အမေးအဖြေကဏ္ဍလေး ဖြစ်ပေါ်လာရပါတယ်။ ကျွန်တော်ရဲ့အမေး၊ ဆရာရဲ့ အဖြေဟာ စာနယ်ဇင်းလောကအတွက် တစ်ထောင့်တစ်နေရာက အကျိုးပြုမယ်ဆိုရင် ဘယ်သူတွေဘာပြောပြော (ပြောမယ့်သူတွေရဲ့ မျက်နှာကိုလည်း မြင်ယောင်မိနေပါရဲ့) အပြောခံရကျိုး နပ်မယ်လို့ ကျွန်တော်ယူဆပါကြောင်း။

**ဆရာခင်ဗျား ...**

သင်္ကြန်အပြီး မကြာခင်ရက်များအတွင်းမှာ အောင်မြင်နေဆဲ စူပါမင်းသမီးလေးတစ်ဦး အိမ်ထောင်ပြုပါတော့မယ်။ အဲဒီမင်းသမီးလေး ဘယ်သူနဲ့ အိမ်ထောင်ပြုမယ်၊ ဘယ်သူက မိတ်ကပ်လူးပေးမယ်၊ ဘယ်သူက မင်္ဂလာဝတ်စုံချုပ်ပေးမယ်ဆိုတာတွေအပြင် ဘယ်နေ့မှာ လက်မှတ်ထိုးပြီး

mgyoe.com

mgyoe.com

ဘယ်နေ့မှာ မင်္ဂလာဆည့်ခံပွဲ ကျင်းပမယ်ဆိုတာအထိ ကျွန်တော်တို့ စာနယ်ဇင်းသမားတွေ အတိအကျသိထားပြီး ဖြစ်ပေမဲ့ မင်းသမီးလေး အပါအဝင် မင်းသမီးရဲ့ မိခင်ကပါ မပြောကောင်း မဆိုကောင်း ချွတ်ချော်သွားခဲ့ရင် ဆိုတဲ့အတွေးနဲ့ သူတို့သတင်းကို မရေးဖို့ တောင်းပန်ပါတယ်။ လက်မှတ်ထိုးပြီးတဲ့နေ့မှသာ သိချင်တာတွေ အကုန်လုံးမေးပါ။ အဲဒီတော့မှ အားရပါးရ ရေးပါလို့ဆိုပါတယ်။ ကျွန်တော်လည်း သူတို့ပြောတာ ဟုတ်တာပဲလို့ စဉ်းစားမိတဲ့အတွက် နှမချင်းစာနာပြီး အဲဒီသတင်းကို မရေးဖြစ်တော့ပါဘူး။

**ဆရာခင်ဗျား ...**

မင်းသမီးလေး အိမ်ထောင်ပြုမယ် ဆိုတဲ့သတင်း မရေးဖြစ်ခဲ့တဲ့ ကျွန်တော့်ရဲ့လုပ်ရပ် သတင်းသမားတစ်ဦးအနေနဲ့ မှန်ကန်မှုရှိမရှိ ဆရာ့အတွေ့အကြုံများ၊ ဆရာ့အသိပညာများအရ ဖြေကြားပေးစေချင်ပါတယ်။

တစ်ဆက်တည်း နောက်တစ်ခု မေးပါရစေ။

အောင်မြင်နေတဲ့ မင်းသမီးလေးတစ်ဦးပါပဲ။

မြရိပ်ညိုမှာကျင်းပတဲ့ စတော့ချ်ရှိုးတစ်ခုကို သူ့ချစ်သူနဲ့တွဲလာပါတယ်။ ကျွန်တော်တို့ရဲ့ အလင်းတန်းဓာတ်ပုံဆရာက အဲဒီစုံတွဲကို ဓာတ်ပုံဖမ်းရိုက်လိုက်တဲ့အခါ သူ့ချစ်သူကောင်လေးက မျက်နှာကို ကမန်းကတန်းဝှက်လိုက်ပါတယ်။ ဒါပေမဲ့ နောက်တစ်ကြိမ်မှာတော့ သူတို့နှစ်ယောက်ရဲ့ပုံကိုရလိုက်ပါတယ်။ နောက်တစ်နေ့ ရုပ်ရှင်ဓာတ်ကားရိုက်ကွင်းပေါ်မှာ အဲဒီမင်းသမီးလေးနဲ့ဆုံတော့ သူတို့နှစ်ယောက်ရဲ့ပုံကို ဂျာနယ်မှာမထည့်ပါနဲ့လို့ တောင်းပန်စကားဆိုလာတာကြောင့် ကျွန်တော် မထည့်ဖြစ်တော့ပြန်ပါဘူး။ အဲဒါလည်း ဆရာ့အမြင်နဲ့ မှန်၊ မမှန် ဖြေကြားပေးပါ။

**ကျေးဇူးတင်ပါတယ် ဆရာ။**

**အလင်းတန်းဂျာနယ် အမှတ် (၁၉၈)**
**၂၀၀၂ ခုနှစ်၊ ဧပြီလ-၂၂ ရက်။**

❐

mgyoe.com

mgyoe.com

# ကိုဦးဆွေသို့ ပြန်ကြားချက် (၁)

**ကိုဦးဆွေရေ ...**

မေးတာကိုမဖြေခင် မေးခွန်းတစ်ခု မေးကြည့်ချင်ပါတယ်။ မင်းသမီးနဲ့ မိခင်ဖြစ်သူတို့ကသာ တောင်းပန်ခြင်းမပြုခဲ့ရင် အဲဒီသတင်းကို ရေးမှာလား ဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ အေးအေးဆေးဆေးမှ စဉ်းစားကြည့်ပါ။ ပြီးမှ ဖြေပါ။

"နှမချင်းစာနာပြီး အဲဒီသတင်းကို မရေးဖြစ်တော့ပါဘူး" ဆိုတာ ဖတ်လိုက်ရတော့ သာဓုခေါ်မိပါတယ်။ ဒီသတင်းကို အလင်းတန်းသာမက တခြားဂျာနယ်များလည်း သိထားပြီးဖြစ်လိမ့်မယ်လို့ ယူဆပါတယ်။ မင်္ဂလာ ဝတ်စုံချုပ်ဖို့၊ မိတ်ကပ်ပြင်ဖို့၊ ဧည့်ခံပွဲလုပ်ဖို့ဆိုတဲ့ကိစ္စတွေ စီစဉ်ပြီးပြီဆိုတော့ မသိဘဲနေမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ ဘယ်ဂျာနယ်မှာမှ ရေးတာကို မတွေ့ရ ပါဘူး။ မနှစ် တစ်မြန်နှစ်လောက်က တခြားမင်းသမီးတွေ မင်္ဂလာဆောင်ကြ တုန်းကလည်း မင်္ဂလာဆောင်အခမ်းအနား ကျင်းပတဲ့အခါကျမှပဲ ကြိုတင်ပြီး လက်ထပ်စာချုပ် လက်မှတ်ရေးထိုးတဲ့ အခမ်းအနားက ဓာတ်ပုံတွေကိုပါ ဖော်ပြခဲ့ကြတာကို တွေ့ရပါတယ်။ ကာယကံရှင်များက မေတ္တာရပ်ခံထားလို့ မရေးကြတာလို့ သိရပါတယ်။

ဘာပဲပြောပြော ကျွန်တော့်အနေနဲ့တော့ ကျွန်တော်တို့ စာနယ်ဇင်း

mgyoe.com